# ပြည်သူ့ကာကွယ်ရေးစာစဉ်

အတွဲ(၁)၊အမှတ်(၂)





" တော်လှန်ရေးတစ်ရပ်၏ အနိုင်အရှုံးကို လက်နက်က ဆုံးဖြတ်သည်မဟုတ်၊ စိတ်ဓာတ်ကသာ ဆုံးဖြတ်ပေသည်။ ငါတို့၏ စိတ်ဓာတ် အားသာလွန်မှု ပြည်သူ၏ အားပေးထောက်ခံ ကူညီမှုဖြင့် စစ်ကောင်စီ၏ ကျွန်ပြုအုပ်စိုးမှုကို တိုက်ဖျက်အနိုင်ယူနိုင်လိမ့်မည်ဟု ငါတို့ယုံကြည်သည်။ "

*ဦးရည်မွန် (ကာကွယ်ရေးဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ)*

## ကာကွယ်ရေးဝန်ကြီးဌာန ၏ ရည်မှန်းချက်

- ★ ပြည်သူလူထု လုံခြုံရေး
- ★ ရပ်ရွာဘေးအန္တရာယ်တားဆီးရေး
- ★ ပြည်ထောင်စု ကာကွယ်ရေး

## ကာကွယ်ရေးဝန်ကြီးဌာန ၏ မျှော်မှန်းချက်

- ★ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ် တည်ဆောက်ရေး
- ★ ဖက်ဒရယ်ပြည်ထောင်စုအား ကာကွယ်စောင့်ရှောက်ရေး
- ★ လူမျိုးပေါင်းစုံ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေး

ဤစာစောင်တွင်ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒ မဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာဖြစ်သည်။

# ဆောင်းပါး

## တော်လှန်ရေးသမား

ထက်မျိုးနွယ်



အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာ လက်နက်ကိုင်တော်လှန်ရေးနဲ့ လူထုတိုက်ပွဲလမ်းစဉ်တွေကို ချမှတ်အကောင်အထည်ဖော်ကြပါတယ်။ ဒီလို အကောင်အထည်ဖော်ကြရမှာ ဖော်ဆောင်နေတဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေ၊ တော်လှန်ရေးသမားတွေနဲ့ ချိတ်ဆက်မိပြီး၊ နိုင်ငံရေးအခြေအနေအရ ဟန်ချက်ညီ လှုပ်ရှားမှုတွေမှာ လူအများက ပူးပေါင်းပါဝင်လာလေ့ရှိပါတယ်။ သို့ပေမယ့် အာဏာရှင်စနစ် ယန္တရားတွေက လူ့အဖွဲ့အစည်းရဲ့ အလွှာအသီးသီး၊ ကဏ္ဍအသီးသီးမှာ ထိုးဖောက်နေရာယူထားတဲ့ အခြေအနေ (သို့မဟုတ်) အာဏာရှင်သတင်းပေးတွေက ရပ်ကွက်၊ ကျေးရွာ၊ တက္ကသိုလ်၊ စာသင်ကျောင်းတွေထဲအထိ စိမ့်ဝင်ပျံ့နှံ့နေတဲ့ အခြေအနေ (သို့မဟုတ်) တော်လှန်ရေးအဖွဲ့အစည်းတွေ၊ တော်လှန်ရေးသမားတွေနဲ့ ကွင်းဆက်ပြတ်နေတဲ့ အခြေအနေတွေမှာ နိုင်ငံရေးအခြေအနေနဲ့အညီ ဟန်ချက်ညီတဲ့ လှုပ်ရှားမှုတွေ မဖော်ဆောင်နိုင်တာတွေ ဖြစ်လာပါတယ်။

ဆက်သွယ်ရေးတာဝန်ယူထားသူတွေ ရန်သူ့လက်ထဲ ရောက်သွားတဲ့အတွက် တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ မြေအောက်လှုပ်ရှားအဖွဲ့ငယ်တွေနဲ့ ကွင်းဆက်ပြတ်သွားပြီး တော်လှန်ရေးနဲ့ ပတ်သက်တဲ့ သတင်းကို မပေးနိုင်တာတွေလဲ ဖြစ်လာတတ်ပါတယ်။ တစ်ခါတစ်ရံကျတော့လဲ အာဏာရှင်စနစ်ကို ဆန့်ကျင်လိုတဲ့ ကျောင်းသား၊ လူငယ်၊ ရဟန်းရှင်လူ ပြည်သူတွေက သူ့နယ်အလိုက်၊ သူ့ကျောင်းအလိုက်၊ သူ့အစုအလိုက် စုစည်းမိနေကြပြီး ဘယ်လိုအဖွဲ့၊ ဘယ်လိုလူတွေနဲ့ စတင်ဆက်သွယ်ရမလဲဆိုတာ ဝေခွဲမရ ဖြစ်နေတာတွေလဲ ဖြစ်တတ်ပါတယ်။ မြေအောက်လှုပ်ရှားမှု လုပ်မယ့်သူတွေအနေနဲ့ မြေပေါ်မှာ ရပ်တည်နေတဲ့ အဖွဲ့အစည်းတွေကို မလိုအပ်တဲ့ထိစပ်မှုလဲ မလုပ်လိုတဲ့အတွက် အခြေအနေနဲ့ အခွင့်အလမ်းကို စောင့်စား နေသူတွေလဲ ရှိတတ်ပါတယ်။

အချို့တက်ကြွသူတွေက အာဏာရှင်စနစ်ကို ဆန့်ကျင်နေတဲ့ တော်လှန်ရေးအဖွဲ့အစည်းထဲက လူတွေကို လိုက်လံ ဆက်သွယ်ပြီး ဘာလုပ်ရမလဲ၊ ဘယ်တော့ တော်လှန်ရေး စမလဲ၊ သက်ဆိုင်ရာ နယ်မြေမှာ ဘယ်သူနဲ့ ဆက်သွယ်ရမလဲလို့ မေးလာတဲ့ အခါမျိုးတွေမှာ တော်လှန်ရေးသမားတွေ ဘက်မှာကလဲ လုံခြုံရေးစည်းမျဉ်း၊ မြေအောက် ယူဂျီစည်းကမ်းတွေ ရှိနေလေတော့ ဖြေဆိုလို့ မရတဲ့ အခြေအနေမျိုးတွေလဲ ရှိတတ်ပြန်ပါတယ်။

အဲဒီလို အခြေအနေတွေ ကြုံတဲ့အခါ ဘာလုပ်ရမှန်းမသိလို့၊ ဘယ်သူကမှ ညွှန်ကြားချက်မပေးလို့၊ ဘယ်အဖွဲ့အစည်းနဲ့မှ အဆက်အသွယ်မရလို့ တော်လှန်ရေးမှာ ပူးပေါင်းပါဝင်နိုင်ခြင်း မရှိဘဲ အခြေအနေကို စောင့်နေရတယ်လို့ အချို့က ဆိုပါတယ်။

တကယ်တမ်းကျတော့ စစ်အာဏာရှင်စနစ် (စစ်တပ်မှ ပြည်သူ့အာဏာကို သိမ်းယူထားသောစနစ်) နဲ့ ရွေးကောက်ခံ အာဏာရှင်စနစ် (အာဏာရှင် နောက်မြီးဆွဲများအားမွေးမြူ၍ ရွေးကောက်ပွဲပြုလုပ်ကာ အာဏာ ချုပ်ကိုင်ထားရန် ကြိုးပမ်းထားသောစနစ်) တွေကို တော်လှန်တဲ့အခါမှာ တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ အဖွဲ့ဝင်ဖြစ်မှ တော်လှန်ရေးလုပ်လို့ရတာ မဟုတ်ပါဘူး။ တော်လှန်ရေးသမားတွေနဲ့ ချိတ်ဆက်မိမှ၊ ပူးပေါင်းဆောင်ရွက်မှ တော်လှန်ရေးသမားတစ်ယောက် ဖြစ်တာမဟုတ်ပါဘူး။ အရေးကြီးတာက အတွေးအခေါ်နဲ့ ခံယူချက်ပါပဲ။

## အတွေးအခေါ်နှင့် ခံယူချက်

ပထမဦးဆုံး သင့်ကိုယ်သင် ပြန်မေးလိုက်ပါ။ မြန်မာပြည်ကြီး စစ်ဖိနပ်အောက်မှာ ကျရောက်နေတဲ့ အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေ နှောင့်နှေး ပျက်စီး နေရတယ်ဆိုတာကို သင်မြင်ပါသလား။ စစ်အာဏာရှင်စနစ်နဲ့ ရွေးကောက်ခံ အာဏာရှင်စနစ်တွေကို ဆန့်ကျင်တော်လှန်ရမယ်ဆိုတဲ့ ခေတ်သမိုင်းက သင့်ပုခုံးပေါ် တင်ပေးထားတဲ့ တာဝန်တစ်ရပ်ကို သင် ထမ်းဆောင်လိုပါသလား။ ဒီတာဝန်ကို ထမ်းဆောင်ရမယ့် တော်လှန်ရေးသမားတစ်ယောက်အနေနဲ့ သင် ခံယူလိုပါသလား။ ဒါမှမဟုတ်ရင် တော်လှန်ရေးကို အားပေးထောက်ခံသူ တစ်ယောက်အနေနဲ့ သင်ခံယူလိုပါ သလား။ သင့်မှာ ဒီခံယူချက် ရှိနေပြီဆိုရင် ရွေးချယ်ရမယ့် လမ်းစဉ်တွေ ရှိလာပါပြီ။

## လမ်းစဉ်

အကြမ်းဖျင်းအားဖြင့် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်နဲ့ လူထုတိုက်ပွဲလမ်းစဉ် နှစ်ရပ်ရှိပါတယ်။ ဒီလမ်းစဉ်နှစ်ရပ်ကို ကိုင်စွဲရာမှာလဲ လုပ်နည်းလုပ်ဟန် ကွဲပြားမှုလေးတွေ ရှိပါတယ်။ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ကိုင်စွဲကျင့်သုံးမှုကို လူအချို့က တောခိုတာလို့ ယူဆပါတယ်။ လက်တွေ့မှာ တောခိုတာ တစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ လက်နက်ကိုင်တော်လှန်ရေးဆိုတာ တစ်နည်းအားဖြင့် လက်နက်ကိုင် သူပုန်ထမှုပါပဲ။ အာဏာရှင်စနစ်ရဲ့ မတရားမှုတွေဟာ ဥပဒေဖြစ်လာတဲ့အခါ တော်လှန်ပုန်ကန်မှုဟာ သမိုင်းပေးတာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ မတရားတဲ့ အာဏာရှင်စနစ်ကို ပုန်ကန်တဲ့ သူပုန်ဆိုတာက ဒီလို

ကြီးကျယ်မြင့်မြတ်တဲ့ သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေသူများပါပဲ။

သူပုန်ထပြီး အာဏာရှင်ကို တော်လှန်တဲ့အခါ guerilla force လို့ခေါ်တဲ့ လက်နက်ကိုင် အင်အားစု၊ auxiliary လို့ခေါ်တဲ့ ထောက်ပံ့ရေးနဲ့ အားပေးထောက်ခံတဲ့ အင်အားစုနဲ့ underground ဆိုတဲ့ မြေအောက်လှုပ်ရှားမှု အင်အားစုတွေ လိုအပ်ပါတယ်။ လက်နက်ကိုင် အင်အားစုတွေက ကျေးလက်ဒေသနဲ့ မြို့ပြဒေသတွေမှာ အာဏာရှင်လက်ကိုင်တုတ် ကြေးစားစစ်တပ်တွေ၊ ကြေးစားရဲတွေ၊ ကြေးစားအာဏာပိုင်တွေနဲ့ ထိပ်တိုက်ထိတွေ့ စစ်ဆင်ရေးဖြစ်ဖြစ်၊ အခြေခံ ဒေသကာကွယ်ရေးဖြစ်ဖြစ်၊ ပြောက်ကျားစစ်ဆင်ရေးတွေကိုပဲဖြစ်ဖြစ် အကောင်အထည်ဖော်ကြပါတယ်။ auxiliary အင်အားစုတွေက ကျေးလက်၊ မြို့ပြအမာခံတွေအနေနဲ့ ရိက္ခာ၊ ဆေးဝါး၊ ငွေကြေး၊ ခိုလှုံရာနေရာ စတာတွေကို ပံ့ပိုးပေးကြပါတယ်။ မြေအောက်လှုပ်ရှားသူတွေက လူထုစည်းရုံးရေး၊ ဝါဒဖြန့်ချိရေး၊ ချိတ်ဆက်လှုပ်ရှားရေး၊ အခြေခံဒေသဖော်ဆောင်ရေးတွေကို ကြိုးပမ်း ဆောင်ရွက် ကြပါတယ်။

လူထုတိုက်ပွဲလမ်းစဉ်ကို ကိုင်စွဲပြီး အာဏာရှင်ကို တော်လှန်တဲ့အခါ လှုပ်ရှားအဖွဲ့ငယ်များ၊ စည်းရုံး လှုံ့ဆော်ရေးအဖွဲ့ငယ်များ၊ ဒေါက်တိုင်စည်းရုံးရေးနှင့် ဖြိုချရေး အဖွဲ့ငယ်များ၊ ရပ်ရွာကာကွယ်ရေး အဖွဲ့ငယ်များ၊ နိုင်ငံရေးအနက်တုမှုအဖွဲ့ငယ်များ လိုအပ်ပါတယ်။ လှုပ်ရှားအဖွဲ့ငယ်တွေရဲ့ တာဝန်တွေကတော့ ပိုစတာကပ်ခြင်း၊ စာရွက်စာတမ်း ဖြန့်ဝေခြင်း၊ လူထုရဲ့ တိုက်ပွဲရေချိန်ကို စောင့်ကြည့်လေ့လာရေးကနေ လူထုတိုက်ပွဲဖြစ်နေချိန်မှာ မြို့အနှံ့၊ နယ်အနှံ့ အမြန်ဆုံး ပျံ့နှံ့ရောက်ရှိရေး၊ လူထုတိုက်ပွဲကို ဦးဆောင်စီမံခန့်ခွဲရေး တာဝန်တွေအထိ ကျယ်ပြန့်လှပါတယ်။ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ငယ်တွေကတော့ ရပ်ရွာလူထုထဲကို ထိုးဖောက်စည်းရုံးပြီး လူထုနဲ့ တသားတည်းရှိနေရေးအတွက် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။

ရန်သူ့ဒေါက်တိုင် စည်းရုံးရေး၊ ဖြိုချရေး အဖွဲ့ငယ်တွေကတော့ ရန်သူ့ဒေါက်တိုင်အဖွဲ့တွေကို စိမ့်ဝင်ပြီးသပ်လျှိုဖြိုခွဲရေး၊ ရန်သူ့လူများကို ပြည်သူ့ဘက်ပါလာစေရန် စည်းရုံးရေး၊ ရပ်ရွာတွင်းမှာ ရန်သူ့ဘက်တော်သားများကို အမာခံ၊ နှစ်ဘက်ချွန်၊ သာကူး စသဖြင့် ခွဲခြားမှတ်တမ်းတင်ထားရေးကနေ လူထုတိုက်ပွဲဖြစ်လာချိန်မှာ ရန်သူ့ဒေါက်တိုင် အမာခံများကို လက်ဦးမှုကြိုတင်ရယူပြီး နှိမ်နင်းရေး၊ ရန်သူ့နေရာများအား ဝင်ရောက်စီးနင်းခြင်း တာဝန်များကို ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ဒီလမ်းစဉ်တွေနဲ့ လုပ်နည်းလုပ်ဟန်တွေထဲမှာ သင်ရောက်နေတဲ့ နေရာဒေသ၊ သင့်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရေချိန်၊ သင့်ရဲ့ ပတ်ဝန်းကျင်အခြေအနေအရ သင်ဘာတွေ လုပ်နိုင်သလဲ။ ဘယ်လိုအလုပ်တွေက သင်နဲ့ ကိုက်ညီသလဲ။

**သင်ဘာလုပ်နိုင်သလဲ**

သင်ဟာ ကျောင်းဆရာတစ်ယောက်ဖြစ်နေရင် ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေကို စည်းရုံးလှုံ့ဆော် လို့ရတယ်။ သင်ဟာ ဆရာဝန်တစ်ယောက်ဖြစ်နေရင် ကျေးလက်၊ မြို့ပြ အမာခံ အနေနဲ့ ရိက္ခာ၊ ဆေးဝါး၊ ခိုလှုံရာနေရာ ထောက်ပံ့ကူညီလို့ရတယ်။ သင်ဟာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဖြစ်နေရင် ဈေးရောင်းရင်း နိုင်ငံရေးသတင်း ဖြန့်ဖြူးလို့ရတယ်။ သင်ဟာ ဆိုက်ကားဆရာ၊ တက္ကစီဆရာ ဖြစ်နေရင် ခံယူချက်တူတဲ့ လူတွေကို အခြေအနေအရ စည်းရုံးလို့ရတယ်။ ရန်သူ့ဘက်တော်သားတွေရဲ့ ခြေလှမ်းကို စောင့်ကြည့်လေ့လာလို့ရတယ်။ ရန်သူ့သတင်းကို စုဆောင်းလို့ရတယ်။

သင်ဟာ အလုပ်သမားဆိုရင် အလုပ်သမားသမဂ္ဂတွေ ဖွဲ့ဖို့ ကြိုးပမ်းလို့ရတယ်။ အာဏာရှင်စနစ်ကို ဆွဲဆန့်အသက်ဝင်စေတဲ့ လုပ်ငန်းခွင်တွေကို နှောင့်နှေးကြန့်ကြာအောင်၊ ပျက်စီးချွတ်ယွင်းအောင် လုပ်လို့ရတယ်။ သင်ဟာ လယ်သမားဆိုရင်လဲ တောင်သူလယ်သမားသမဂ္ဂတွေ ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းလို့ရတယ်။ သင်ဟာ ကျောင်းသားတစ်ယောက်ဆိုရင် ကျောင်းသားတွေအကြားမှာ စည်းရုံးလှုံ့ဆော်လို့ရတယ်။ သင်ဟာ ဝန်ထမ်းတစ်ယောက်ဖြစ်နေရင် အာဏာရှင်အစိုးရရဲ့ လျှို့ဝှက်ချက်တွေကို တော်လှန်ရေးသမားတွေနဲ့ မီဒီယာတွေဆီ သတင်းပို့ပေးလို့ ရတယ်။ သင်ဟာ ပြည့်တန်ဆာတစ်ယောက် ဖြစ်နေခဲ့ရင်လဲ သင့်ကို ဒီလိုဘဝကို ရောက်အောင် တွန်းပို့လိုက်တဲ့ စစ်အာဏာရှင်အသိုင်းအဝိုင်းနဲ့ စစ်ကျွန်တွေဆီက သတင်းတွေ မေးမြန်း စုံစမ်းလို့ရတယ်။ တတ်နိုင်တဲ့နည်းနဲ့ လက်စားချေလို့ ရတယ်။ သင်ဟာ အလုပ်လက်မဲ့ လူငယ်တစ်ယောက် ဖြစ်နေရင်လဲ အလုပ်လက်မဲ့ပြဿနာကို မဖြေရှင်းပေးတဲ့အစိုးရကို မြို့ပြပြောက်ကျား နည်းလမ်းတွေနဲ့ ဆန့်ကျင်တိုက်ခိုက်လို့ရတယ်။

သင်ဟာ အာဏာရှင်ယန္တရား ဒေါက်တိုင်တွေထဲမှာ မလွှဲသာလို့ ရောက်နေခဲ့ရင်လဲ အာဏာရှင်စနစ်ရဲ့ လျှို့ဝှက်ချက်များကို လူအများသိလာအောင် နည်းမျိုးစုံနဲ့ ဖြန့်ဖြူးခြင်း၊ ဒေါက်တိုင်အတွင်းမှ လူအများကို စည်းရုံးခြင်း၊ ဖြိုခွဲခြင်းတွေ လုပ်နိုင်တယ်။ သင်ဟာ တပ်မတော်သားတစ်ယောက် ဖြစ်နေရင်လဲ တပ်တွင်းယူဂျီလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တပ်မတော်သားများ ပြည်သူလူထုဘက်က ရပ်တည်လာစေရန် ဆောင်ရွက်ခြင်း စတာတွေ လုပ်လို့ရတယ်။

သင်ဟာ နိုင်ငံတကာမှာရောက်နေခဲ့ရင် ဝါဒဖြန့်ချိရေး၊ ဘဏ္ဍာငွေစုဆောင်းရေး၊ မီဒီယာနှင့် နည်းပညာများကို အသုံးပြုပြီး စည်းရုံးလှုံ့ဆော်ရေးတွေ လုပ်လို့ရတယ်။ နိုင်ငံတကာရောက်နေသူတွေဟာ ပြည်တွင်းမှာ မဟုတ်လို့ ဘာမှမလုပ်နိုင်တာ မဟုတ်ဘူး။ လူတိုင်းကိုယ်စီ တော်လှန်ရေးတာဝန်ကို ယူနိုင်ကြရင် နိုင်ငံတကာက တော်လှန်ရေးထောက်ခံသူ တစ်သောင်းဟာ ပြည်တွင်းတော်လှန်ရေးအင်အား တစ်သိန်းကို ဖန်တီးနိုင်လာပါလိမ့်မယ်။ ပြည်ပရောက်နေလို့ ဘာမှမလုပ်နိုင်တာ မဟုတ်ပါ။ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ

သူငယ်ချင်း၊ ကိုယ်နဲ့ ခံယူချက်တူသူများကို ရှာဖွေပြီး သတင်းများဖြန့်ဖြူးပေးခြင်း၊ ဝါဒဖြန့်ချိရေး လှုံ့ဆော်စာများ ရေးသားဖြန့်ဝေခြင်း၊ ခံယူချက်တူသူများမှ တစ်ဆင့် မြေအောက်လှုပ်ရှားအဖွဲ့များ ဖွဲ့စည်းခြင်း စတာတွေကို ပြုလုပ်နိုင်ပါတယ်။

**တော်လှန်ရေး ထောက်ကူပစ္စည်းများ**

စာရွက်စာတမ်းများ ဖြန့်ဝေရေး၊ လေ့လာရေးတို့အတွက် နှစ်နှစ်ဆယ်ကျော်ကာလအတွင်းမှာ အာဏာရှင်စနစ် ဆန့်ကျင်တော်လှန်ရေးအတွက် လိုအပ်မယ့် စာရွက်စာတမ်းတွေ၊ သတင်းဂျာနယ်တွေ၊ ပိုစတာတွေ၊ ခေါင်းဆောင်မိန့်ခွန်း ကောက်နုတ်ချက်တွေ အများအပြား ရှိနေပြီဖြစ်ပါတယ်။ တော်လှန်ရေး အင်အားစုတွေက ဒီလို ထောက်ကူပစ္စည်းတွေ လူထုလူတန်းစားအလွှာအသီးသီးမှာ ပျံ့နှံ့ရောက်ရှိရေးကို နည်းမျိုးစုံနဲ့ ကြိုးပမ်းကြမယ်ဆိုရင် တော်လှန်ရေးအတွက် အထောက်အကူ အလွန်ဖြစ်ပါလိမ့်မယ်။ အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို အသံဖိုင်အဖြစ် အသံသွင်းဖြန့်ဖြူးခြင်း၊ မိမိနှင့် ဆက်စပ်သော မြေအောက်အစုအဖွဲ့များ အတွင်း ထောက်ကူပစ္စည်းများ အလွယ်တကူ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်း စတာတွေကို အချိန်ယူပြီး ပြင်ဆင်ဆောင်ရွက်ဖို့ လိုပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် ဒီလိုထောက်ကူပစ္စည်းတွေ သင့်မှာမရှိရင်လဲ သင်လုပ်နိုင်တာတွေ အများကြီး ရှိတယ်။ ဆေးရောင်စုံနဲ့ လှပနေတဲ့ ပိုစတာပုံလေး သင့်လက်ထဲမှာ မရှိပေမယ့် ကတ်ထူပြားဟောင်းတစ်ခုပေါ်မှာ အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ကြ ဆိုတဲ့ ကြွေးကြော်သံကို ရေးချပြီး သင့်လျော်ရာမှာ ကပ်လိုက်ရင်လဲ ဒါဟာ သင့်ရဲ့တိုက်ပွဲခေါ်သံပဲ ဖြစ်တယ်။ မီးသွေးခဲတစ်ခဲနဲ့ အုတ်နံရံမှာ ရေးချလိုက်တဲ့ အာဏာရှင် လက်ကိုင်တုတ်များကို ချေမှုန်းကြ ဆိုတဲ့ ကြွေးကြော်သံဟာလဲ သင့်ရဲ့ တိုက်ပွဲခေါ်သံပဲဖြစ်တယ်။ သင့်ရဲ့ လက်ထဲမှာ တိုက်ပွဲဝင်အလံ တစ်လက် မရှိနေပေမယ့် အာဏာရှင် အလံတစ်လက်ကို ဖြုတ်ချနိုင်ခဲ့ရင်လဲ သင်ဟာ တော်လှန်ရေးတိုက်ပွဲဝင်နေတာပဲ ဖြစ်တယ်။ သင့်မှာ ကိုယ်စားပြုတဲ့ ပါတီ၊ အဖွဲ့အစည်းတွေ မရှိပေမယ့်လဲ သင်ဟာ အာဏာရှင်စနစ်ဆန့်ကျင်ရေး အရေးတော်ပုံကြီးရဲ့ တပ်သားတစ်ယောက်ပဲ ဖြစ်တယ်။

**ပြောက်ကျားတော်လှန်ရေး**

သေနတ်တွေနဲ့ စစ်မြေပြင်မှာ တိုက်ပွဲဝင်မှ တော်လှန်ရေးသမား ဖြစ်တာမဟုတ်။ လူအများကြားမှာ နေထိုင်ရင်း ရန်သူကို ပြောက်ကျားစစ်နဲ့ အမှည့်ခြွေ ခြွေခြင်း၊ ရန်သူ့ဒေါက်တိုင်များ ကြောက်စိတ်နဲ့ ဖရိုဖရဲဖြစ်အောင် လုပ်ခြင်းတွေဟာလဲ တော်လှန်ရေးအတွက် တိုက်ပွဲဝင်ခြင်းပဲ ဖြစ်ပါတယ်။ ပြောက်ကျား တော်လှန်ရေးအတွက် ဘယ်နေ့ လက်နက်ကိုင်တော်လှန်ရေးကို အင်အားအလုံးအရင်းနဲ့ ပြန်စမလဲ၊ ဘယ်တော့

လူထုတိုက်ပွဲ ဖြစ်လာမလဲ ဆိုတာ မေးစရာမလိုသလို၊ ဘာနဲ့ တိုက်ပွဲဝင်မှာလဲဆိုတာလဲ သိပ်တွေးစရာ မလိုအပ်ပါ။

အခြေအနေ၊ အချိန်အခါကို အခွင့်ကောင်းယူပြီး တိုက်ပွဲပရိယာယ် ရှိဖို့သာ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ သဘာဝတရားက ပေးထားတဲ့ သက်ရှိ၊ သက်မဲ့ လက်နက်တွေ အများအပြား ရှိပါတယ်။ ဘိုးဘွားတို့ ပေးခဲ့တဲ့ ဘိုးဘွားအမွေ တုတ်၊ ဓားတွေ၊ ကိုယ်ခံပညာတွေလဲ ရှိပါတယ်။ သေနတ်နဲ့ ရန်သူကို ဘယ်လိုရင်ဆိုင်မလဲလို့ မေးတတ်ကြပါတယ်။ ရန်သူအများကြီးကို ထိပ်တိုက်တွေ့ရန် ဆိုလိုခြင်း မဟုတ်ပါ။ ပြောက်ကျားတော်လှန်ရေးမှာ လက်ဦးမှုရယူနိုင်ခြင်းကသာ အဓိကကျပါတယ်။ ရန်သူ့ဒေါက်တိုင်တိုင်းမှာ သေနတ်ရှိတာ မဟုတ်ပါ။ အခွင့်အရေးရရင် လက်မနှေးဖို့က အရေးကြီးဆုံးပါပဲ။

**နိဂုံး**

အခုဆိုရင် စစ်ဖိနပ်အောက်မှာ ပြားပြားဝပ်ခဲ့ရတဲ့ ရဟန်းရှင်လူ ပြည်သူအများတို့ဟာ စစ်ကျွန်ဘဝမှာ လူလုံးမလှဘဲ ဘဝဆုံးရတော့မယ့် အခြေအနေကို ရောက်နေပြီဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကနေ လွတ်မြောက်ဖို့ အာဏာရှင်စနစ် ဆန့်ကျင်ရေး ပြည်သူ့အရေးတော်ပုံကြီးရဲ့ အရေးတော်ပုံတပ်သား၊ တော်လှန်ရေးသမားတွေကို ခေတ်စနစ်ရဲ့ အခြေအနေက တောင်းဆိုနေပြီ ဖြစ်ပါတယ်။

ဒီအရေးတော်ပုံကြီးက သင့်ကို ကြိုဆိုနေပါတယ်။ တော်လှန်ရေးသမား တစ်ယောက်ဖြစ်ဖို့အတွက် ပညာအရည်အချင်း၊ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှု၊ နောက်ခံ တော်လှန်ရေး အတွေ့အကြုံ၊ တော်လှန်ရေးအဖွဲ့အစည်း အဖွဲ့ဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်း၊ တော်လှန်ရေးခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးခင်မင်မှု၊ မိဘဆွေမျိုး အဆက်အသွယ် စတာတွေ ဘာမှမလိုပါဘူး။ သင့်ရင်ထဲမှာ တော်လှန်ရေးအတွေးအခေါ်နဲ့ ခံယူချက် ရှိနေပြီဆိုရင် သင်ဟာ အာဏာရှင်စနစ် ဆန့်ကျင်တော်လှန်ရေး အရေးတော်ပုံကြီးရဲ့ အရေးတော်ပုံ တပ်သား၊ တော်လှန်ရေးသမားပဲ ဖြစ်ပါတယ်။

..........................................................

***ကျွန်ုပ်တို့အားလုံး စုစည်း၍ အာဏာရှင်ကို တော်လှန်ကြစို့။***

***မှန်ကန်သော အတွေးအခေါ်ဖြင့်၊ တော်လှန်ရေးသမားဘဝကို ခံယူကြစို့။***

***လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်များကို ကိုင်စွဲ၍ အမိနိုင်ငံရဲ့***

***အနာဂတ် ရွှေခေတ်ကို တော်လှန်ရေးသမား သွေးစက်များဖြင့် တည်ဆောက်ကြပါစို့။***

# ဆောင်းပါး



## ဒီမိုကရေစီစံနှုန်းများနှင့် တပ်မတော်

ရျူလိုင်

### နိဒါန်း

ယေဘူယျအားဖြင့် နိုင်ငံတစ်နိုင်ငံမှာဆိုရင် အစိုးရတစ်ရပ်ရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ ပြည်ပရန်ကို ကာကွယ်ဖို့ရာ တပ်မတော်တစ်ခု နှင့် ပြည်တွင်းရန်ကို ကာကွယ်ဖို့ရာဆိုရင် ရဲတပ်ဖွဲ့များကို ထည့်သွင်းဖွဲ့စည်းလေ့ ရှိကြပါတယ်။ ထို့အတွက် နိုင်ငံတစ်နိုင်ငံအတွက် တပ်မတော်ဟာပြည်ပရန်ကို ကာကွယ်ဖို့ရာ၊ ပြည်သူလူထု လုံခြုံရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်ပါတယ်။ သို့သော် ခေတ်သစ်နိုင်ငံများ တည်ဆောက်ရာမှာ တပ်မတော်အင်အား တစ်ခုကိုသာ အားပြု၍မရနိုင်ဘူးဆိုတာကို သတိပြုရမည်ဖြစ်ပြီး ကမ္ဘာ့အလည်မှာ ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ရပ်တည်နိုင်ဖို့ရာ နိုင်ငံရေး နဲ့ စီးပွားရေး အင်အားများကိုလဲ တည်ဆောက်ဖို့ရာလိုအပ်လှပါသည်။ ဒါ့အပြင် ခေတ်သစ်တပ်မတော်များအနေဖြင့် ဒီမိုကရေစီထိန်းကြောင်းမှု၊ အရပ်သားကွပ်ကဲမှုအောက်မှာရှိရန်မှာ အရေးကြီးလှပါတယ်။

### တပ်မတော်နှင့် နိုင်ငံရေး

တပ်မတော်၏အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြင်ပလက်နက်ကိုင်ခြိမ်းခြောက်မှုများမှ ကာကွယ်ရန်ဟု သတ်မှတ်လေ့ရှိပါသည်။ နိုင်ငံရေးဆိုတာကတော့ အုပ်စုများတွင် ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် တစ်ဦးချင်းဆီအကြား အာဏာခွဲဝေမှုပုံစံများနှင့် ဆက်စပ်နေတဲ့ လုပ်ငန်းစဥ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးနဲ့ ကင်းလွတ်နေတဲ့ လူသား၊ နိုင်ငံရေးနဲ့ ကင်းလွတ်နေတဲ့ အဖွဲ့အစည်းဆိုတာ မရှိသလောက် ရှားပါးပါတယ်။ ဒါကြောင့် လူသားဟာ နိုင်ငံရေးသတ္တဝါလို့ အရစ္စတိုတယ် (Aristotle, 1998 ) ကဆိုခဲ့တာဖြစ်ပြီး လူတစ်ဦးထက်ပိုတဲ့အခြေအနေမှာ နိုင်ငံရေးဟာပေါ်ပေါက်လေ့ရှိတယ်လို့ နိုင်ငံရေးသိပ္ပံပညာရှင်တွေက ဆိုလေ့ရှိပါတယ်။

ခေတ်သစ်နိုင်ငံရေးစနစ်အရ တပ်မတော်သည် နိုင်ငံရေးမဟုတ်သောအဖွဲ့အစည်း (Non Political Organization) အဖြစ် ရှုမြင်ကြပြီး တကယ့်အခြေအနေမှာတော့ စစ်တပ်ဟာ နိုင်ငံရေးနဲ့ လုံးလုံးကင်းလွတ်နေသည်တော့ မဟုတ်ပါဘူး။ ဒါကို Amos Perlmutter ကလဲ "စစ်တပ်ရေးရာကိစ္စတွေဟာ နိုင်ငံရေးနဲ့ ရောယှက်နေတယ်။ " လို့ ဆိုထားပါတယ်။ သို့ပေမယ့် ဒါဟာ **နိုင်ငံတစ်နိုင်ငံအတွက် တပ်မတော်ဟာ အစိုးရ၏အင်စတီကျူးရှင်းများထဲမှ အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံရေးမှာတည်ရှိနေတယ် ဆိုတာထက် မပိုပါဘူး။** သို့သော် မြန်မာကဲ့သို့ တတိယနိုင်ငံအများစုမှာတော့ စစ်ရေး၊ နိုင်ငံရေးဟာ ပိုမိုရောယှက်လေ့ရှိပြီး တပ်မတော်ဟာ နိုင်ငံရေးမှာ လွန်လွန်ကဲကဲ ဝင်ရောက်စွက်ဖက် ပါဝင်နေကြတာကို တွေ့မြင်ရပါတယ်။ **တပ်မတော်က နိုင်ငံရေးမှာ လွန်လွန်ကဲကဲ ဝင်ရောက်စွက်ဖက်ပါဝင်နေသည်ဆိုသည့် အချက်ကသည်ပင် တတိယနိုင်ငံများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအပေါ် သက်ရောက်စေပြီး များစွာဆိုးယုတ်စေတာပဲ ဖြစ်ပါတယ်။** ဒါကြောင့် ဒီမိုကရေစီစံနှုန်းများအရ တပ်မတော်တစ်ရပ်အနေနဲ့ အရပ်သားထိန်းကြောင်းမှု၊ နိုင်ငံရေးအာဏာအောက်မှာ ရှိရမှာ ဖြစ်ပါတယ်။

## ဒီမိုကရေစီစံနှုန်းများနှင့် တပ်မတော်

ထိရောက်မှုရှိသော ဒီမိုကရက်တစ် ထိန်းကြောင်းမှုအောက်က တပ်မတော်တစ်ရပ်ဖြစ်ဖို ဆိုလျှင် တပ်မတော်ဟာ အရပ်သားထိန်းကြောင်းမှု အောက်မှာရှိဖို့လိုအပ်ပါတယ်။ အရပ်သား အာဏာပိုင်များအနေဖြင့် စစ်တပ်ရဲ့မစ်ရှင် နှင့် ဖွဲ့စည်းမှုတွေကို ထိန်းကြောင်းခြင်းကိစ္စများ၊ ကာကွယ်ရေး ဘတ်ဂျက်၊ အသုံးစရိတ် နှင့် လက်နက်ဝယ်ယူရေးမူဝါဒများ၊ စစ်ရေးမူဝါဒကို သတ်မှတ်ထားပြီး အတည်ပြုခြင်း ကိစ္စရပ်များကို ထိန်းကျောင်းကြရမှာ ဖြစ်ပါတယ်။ ဒီလို ထိန်းကျောင်းဖို့ရာအတွက်လည်း ကာကွယ်ရေးကိစ္စရပ်များ စီမံခန့်ခွဲမှု နှင့် ကြီးကြပ်နိုင်ဖို့ရာ အရပ်သားကျွမ်းကျင်ပညာရှင်များလဲ လိုအပ်လှပါတယ်။ ထို့ပြင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ဖို့ရာ လိုအပ်ပြီး ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေဖြစ်တဲ့ ဥပဒေပြုမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ မီဒီယာ နှင့် အရပ်ဘက်အဖွဲ့အစည်းတွေ အားကောင်းဖို့ရာလဲ လိုအပ်လှပါတယ်။ ဒါမှသာ တပ်မတော်ရဲ့ ဒီမိုကရေစီစံနှုန်းများကို ချိုးဖေါက်မှု၊ လူအခွင့်အရေးနှင့်အရပ်သားများ၏ လုံခြုံရေးအပေါ် ချိုးဖေါက်မှုများကို ထိန်းကျောင်းနိုင်မှာ ဖြစ်ပါတယ်။ စစ်တပ်အဖွဲ့အစည်းတစ်ခုအနေဖြင့် သော်လည်းကောင်း၊ တစ်ဦးချင်း စစ်ရေးခေါင်းဆောင်များ အနေဖြင့် ပြည်တွင်းနိုင်ငံရေးကိစ္စများကို ဝင်ရောက်လွှမ်းမိုးမှု မရှိရန်မှာလဲ အရေးကြီးလှပါတယ်။ စစ်တပ်အဖွဲ့အစည်းတစ်ခုအနေဖြင့် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး အယူဝါဒတစ်ခုခုအပေါ် အခြေခံဖွဲ့စည်းခြင်း၊ သွတ်သွင်းခြင်းကို ရှောင်ကျဉ်ဖို့ရာလိုအပ်ပြီး နိုင်ငံရေးအရ ဘက်လိုက်မှုမရှိရန် (political neutrality) မှာလဲ အရေးကြီးလှပါသည်။

ဒါ့အပြင် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အရပ်ဘက်အာဏာပိုင်များ၏ နိုင်ငံရေးအာဏာကို လေးစားဖို့ရာ အရေးကြီးလှပါတယ်။ နိုင်ငံရေး၏ စီးပွားရေး လုပ်ငန်းများမှာ စစ်တပ်အဖွဲ့အစည်းတစ်ခု အနေဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်း စစ်ရေးခေါင်းဆောင်များ အနေဖြင့် သော်လည်းကောင်း ဝင်ရောက်ပတ်သတ်ခြင်းကိုလဲ အထူးရှောင်ကျဥ်ဖို့ရာ လိုအပ်လှပါသည်။ ဒါ့ပြင် ဒီမိုကရေစီ စံနှုန်းနဲ့ ကိုက်ညီတဲ့ တပ်မတော်တစ်ရပ် ဖြစ်ဖို့ရာ စစ်တပ်တွင်း ထိရောက်သော အမိန့်ပေးကွင်းဆက် (Chain of Command) ရှိခြင်းကလဲ အရေးကြီးလှပါတယ်။ စစ်တပ်တွင်း ထိရောက်သော အမိန့်ပေးကွင်းဆက်(Chain of Command) ရှိခြင်းဟာ စစ်တပ်အနေဖြင့် လူ့အဖွဲ့အစည်းအပေါ်မှာ တာဝန်ခံမှုရှိခြင်း နှင့် အရပ်ဘက်မှ ချမှတ်ထားသော စစ်ရေးဆိုင်ရာမူဝါဒများနှင့် နိုင်ငံတကာဥပဒေများကို လိုက်နာဖို့ရာသက်ရောက်မှု ရှိစေပါတယ်။ နောက်ဆုံးအနေဖြင့် စစ်တပ်အတွင်းမှာ ပါဝင်ကြတဲ့ စစ်မှုထမ်းတစ်ဦးချင်းစီ၏ အခွင့်အရေးကို လေးစားတန်ဖိုးထားရန်မှာလဲ ဒီမိုကရေစီတပ်မတော် တစ်ရပ်အနေဖြင့် အရေးကြီးတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့်ဆိုရသော် နိုင်ငံတစ်နိုင်ငံကိုကာကွယ်ဖို့ရာ၊ နိုင်ငံတွင်းမှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ဖို့ရာ တပ်မတော်ဟာ အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ပါသည်။ နိုင်ငံတော်ကို စောင့်ရှောက်ဖို့ရာ နှင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ဖို့ ဆိုရာမှာတော့ တပ်မတော်ဟာ ဒီမိုကရေစီစံနှုန်းများကို လိုက်နာဖို့၊ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးဖို့၊ အရပ်သားအစိုးရ၊ အရပ်သားထိန်းချုပ်ကွပ်ကဲမှု အောက်မှာရှိဖို့ရာ အရေးကြီးလှပါတယ်။ နိုင်ငံတစ်ခုရဲ့ တပ်မတော်ဟာ ဒီမိုကရေစီစံနှုန်းများကို မလိုက်နာ၊ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို ချိုးဖေါက်ပြီး နိုင်ငံရေးမှာ လွန်လွန်ကျူးကျူး ပါဝင်စွက်ဖက်လာရင်တော့ ဒီလိုနိုင်ငံမှာ မှီတင်းနေထိုင်ကြရတဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှု ကင်းမဲ့ကြရမှာပဲ ဖြစ်တယ်။ ဒါ့ကြောင့် အနာဂါတ်မှာ ပေါ်ထွက်လာမယ့် တပ်မတော်ဟာ နိုင်ငံတွင်းမှာ နေထိုင်ကြတဲ့ လူမျိုးအားလုံးကို ကိုယ်စားပြုပြီး ဒီမိုကရေစီစံနှုန်းများကို လိုက်နာသော၊ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသော တပ်မတော်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် ရည်ရွယ်ရေးသားလိုက်ရပါတယ်။

**ရည်ညွှန်းကိုးကား**


*Democratic Control of Armed Forces*

*Md Masum Alam, Military Intervention in Politics: A Third World Perspective*

*Herbert C. Edeh (Ph.D) Michael I. Ugwueze (M.Sc.) ,Military and Politics*

# ဆောင်းပါး

## ချီဂွေဗားရားနှင့် FOCO သီအိုရီ

*ခင်မမမျိုး*



**နိဒါန်း**

ချီဂွေဗားရားဆိုတာ အာဏာရှင် Batista ကို ဖြုတ်ချပြီး Castro ကို ကျူးဘားခေါင်းဆောင်အဖြစ် တင်ပေးနိုင်ခဲ့တဲ့ ၂၆ လကြာ တော်လှန်ရေးကြီးကို ပါဝင်ဦးဆောင်ခဲ့တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ အစိုးရအဖွဲ့ အပြောင်းအလဲ လုပ်ပြီးကာလမှာ ကျူးဘားနိုင်ငံဟာ လူထုလူတန်းစား အလွှာအသီးသီးနဲ့ အစိုးရတို့ အကြားက ဆက်စပ်မှုသဏ္ဍာန်တွေလဲ ပြောင်းလဲလာခဲ့ပါတယ်။ အစိုးရသစ်မှာ ချီဟာ သြဇာအာဏာကြီးမားတဲ့ ပြည်ထဲရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့ရပေမယ့်လဲ သူ့ရဲ့ အဓိကစိတ်ပါဝင်စားမှုကတော့ လက်တင်အမေရိကနဲ့ ကမ္ဘာတစ်ဝှမ်းမှာ တော်လှန်ရေးတွေ ပေါ်ထွက်လာနိုင်ဖို့ပါပဲ။ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော် နိုင်ဖို့အတွက် တော်လှန်ရေးလက်စွဲကျမ်းတစောင်ဖြစ်တဲ့ Guerrilla War ကို ရေးသားခဲ့ပါတယ်။ ဒီစာအုပ်ကို ကမ္ဘာတစ်ဝှမ်းလုံးမှာ ပုံနှိပ်ဖြန့်ဝေခဲ့ကြပြီး ဘာသာပေါင်းများစွာကို ပြန်ဆိုထားခဲ့ပါတယ်။ ချီရဲ့စာအုပ်ဟာ တစ်ကမ္ဘာလုံးက တော်လှန်ရေးသမားတွေအတွက် တော်လှန်ရေးနည်းနာတွေကို ညွှန်ပြပေးခဲ့ရုံသာမက တော်လှန်ရေးဝိညာဉ်တွေကိုပါ နှိုးဆွပေးနိုင်ခဲ့ပါတယ်။ တော်လှန်ခြင်း စစ်မက်ရေးရာနဲ့ ပတ်သက်တဲ့ ဂန္ထဝင်စာအုပ် စာတမ်းတွေထဲမှာ သူ့စာအုပ်လဲ အပါအဝင် ဖြစ်ခဲ့ပါတယ်။

**ချီဂွေဗားရားရဲ့ တော်လှန်ရေးသီအိုရီ**

တော်လှန်ရေးတစ်ရပ် အောင်မြင်ဖို့အတွက် structural conditions တွေ ပြည့်စုံဖို့ လိုအပ်တယ်လို့ ချီက ဆိုခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုအခြေအနေတွေ အားလုံးပြည့်မီလာအောင် စောင့်နေဖို့ မလိုဘဲ ပြည့်မီလာအောင် ပြုလုပ်ဖန်တီးဖို့ လိုအပ်တယ်လို့ သူက ဆိုထားခဲ့ပါတယ်။ ပထမဆုံးအခြေခံအကြောင်းရင်းကတော့ 'subjective structural condition' လို့ သူသတ်မှတ်ခဲ့တဲ့ အောင်စိတ်ပါပဲ။ တော်လှန်ရေးအောင်ပွဲခံရမယ်လို့ ယုံကြည်ချက်မရှိသူ တစ်ယောက်ဟာ တော်လှန်ရေးသမားတစ်ယောက် မဖြစ်နိုင်ဘူးလို့ သူက ဆိုခဲ့ပါတယ်။

ခိုင်မာတဲ့ ယုံကြည်ချက် စိတ်ဓာတ်အခံမရှိသူ တစ်ယောက်ဟာ တော်လှန်ရေးရဲ့ ခက်ခဲကြမ်းတမ်းမှုတွေ၊ အတားအဆီးတွေကို ကျော်လွှားနိုင်ခြင်းမရှိဘဲ အလွယ်တကူ အရှုံးပေးစိတ်ဓာတ်ကျသွားနိုင်မယ်လို့ ချီက ယူဆထားခဲ့ပါတယ်။

Objective structural conditions လေးရပ်ကိုလဲ ချီက ခွဲခြားဖော်ပြထားခဲ့ပါသေးတယ်။ ပထမလိုအပ်တဲ့ အခြေအနေကတော့ neo-patrimonial အာဏာရှင်စနစ် ရှိနေခြင်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာဟာ လူတစ်ယောက်ရဲ့ လက်ထဲမှာရှိနေမယ်၊ ဒီလူဟာ ကိုယ်ကျိုးစီးပွားကိုပဲ ရှေးရှုတတ်ပြီး လာဘ်စားသူ တစ်ယောက်ဖြစ်မယ်။ ဒီအာဏာရှင်ဟာ မတရားအာဏာသိမ်းပိုက်ထားတာဖြစ်ပြီး၊ တရားဝင်မှု တစုံတရာ (ရွေးကောက်တင်မြှောက်ခံထားရခြင်းစတာမျိုး) နဲ့ အာဏာရထားတာ မဖြစ်ဘူး ဆိုရင် တော်လှန်ရေး အောင်ပွဲရနိုင်မယ့် အခြေအနေတစ်ရပ်ရှိတယ်လို့ သူက ဆိုခဲ့ပါတယ်။ ချီရဲ့ အဆိုအရ တရားဝင်မှုဆိုတဲ့ အပိုင်းက အလွန်ကို အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ အုပ်ချုပ်သူတွေဆီမှာ constitutional legality ရှိနေခဲ့ရင် တော်လှန်ရေးရေချိန်ကို အရှိန်မြှင့်ဖို့ ခဲယဉ်းလို့ပဲ ဖြစ်ပါတယ်။

ဒုတိယလိုအပ်ချက်ကတော့ တော်လှန်ပုန်ကန်သူတွေ လှုပ်ရှားသွားလာနိုင်မယ့် တော်လှန်ရေးနယ်မြေ ဖြစ်ပါတယ်။ တော်လှန်ရေးနယ်မြေဆိုတာကို တောနက်ခြင်း၊ ကျောက်တောင် ကမ်းပါး အရံအတားများရှိခြင်းနဲ့ သဲကန္တာရများ ရှိခြင်းတို့ကြောင့် အာဏာရှင်တပ်များ အလွယ်တကူ မရောက်နိုင်တဲ့ နေရာဒေသတွေအဖြစ် ချီက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ အာဏာရှင်တပ်တွေဘက်က လက်နက်အင်အား သာလွန်လေ့ရှိတာကြောင့် တပ်လှုပ်ရှားမှုကို ကြန့်ကြာစေတဲ့ နေရာဒေသတွေကိုသာ တော်လှန်ရေးနယ်မြေအဖြစ် ရွေးချယ်သင့်ကြောင်း ချီက တိုက်တွန်းရေးသားထားခဲ့ပါတယ်။

တတိယအချက်ကတော့ တော်လှန်ရေးသမားတွေကို ကျေးလက်ဒေသ အမာခံပြည်သူလူထုရရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ အခြေခံတဲ့ တော်လှန်ရေးတစ်ရပ်မှာ ကျေးလက်ပြည်သူတွေရဲ့ ထောက်ခံမှုမရရင် အောင်မြင်မှာမဟုတ်ဘူးလို့ သူက ဆိုခဲ့ပါတယ်။ ကျေးလက်ပြည်သူတွေအနေနဲ့ အာဏာရှင်ကို ဆန့်ကျင်သင့်တဲ့ အကြောင်းအရာမရှိရင် တော်လှန်ရေးသမားတွေကို ထောက်ခံခြင်းအားဖြင့် ကြုံတွေ့နိုင်မယ့် အစိုးရတပ်ရဲ့ အန္တရာယ်တွေကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ပေးမှာ မဟုတ်တာကြောင့် ကျေးလက်နဲ့သက်ဆိုင်တဲ့ အကြောင်းအရာတစ်ရပ်ကို ဖော်ထုတ်သင့်ကြောင်း ဖော်ပြထားခဲ့ပါတယ်။ ချီရဲ့ အမြင်အရ မြေယာပြုပြင် ပြောင်းလဲရေးဆိုတဲ့ အကြောင်းအရာဟာ ကျေးလက်နေပြည်သူလူထုကို တော်လှန်ရေးသမားတွေဘက် ရောက်လာအောင် အဆွဲဆောင်နိုင်ဆုံး အကြောင်းအရာ တစ်ရပ် ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ တိုင်းပြည်မှာ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲဖူးတဲ့ အစဉ်အလာ ရှိနေဖို့ လိုအပ်ပါတယ်။ ဒီလက်နက်ကိုင်တော်လှန်ရေးဟာ revolutionary Marxist type မဟုတ်ရင်တောင် romantic bandits အဆင့်လောက်တော့ ရှိသင့်တယ်လို့ ချီကဆိုထားပါတယ်။ တော်လှန်ရေးအစဉ်အလာ ရှိခြင်းအားဖြင့်

လေ့ကျင့်သင်ကြားပေးမှုတွေ အထူးတလည် လုပ်စရာမလိုအပ်သလို အခြေခံဒေသ ပြည်သူလူထုရဲ့ ထောက်ခံမှုတွေလဲ ပိုများနိုင်ပါတယ်။

ဒီလို subjective structural condition နဲ့ objective structural condition လေးရပ်တို့ ပြည့်စုံတဲ့အခါ တော်လှန်ရေးတစ်ရပ် စတင်ဖို့အတွက် foco (centre of guerrilla activity) ကို ဖန်တီးနိုင်မယ့် လူအယောက် ၃၀ ကနေ ၄၀ ပါဝင်တဲ့ အစုအဖွဲ့ တစ်ခု ထွက်ပေါ်လာချိန်ကို စောင့်ဖို့ပဲ လိုအပ်တယ်လို့ ချီက ဆိုထားခဲ့ပါတယ်။ ဒီလူစုဟာ ကျေးလက်ဒေသမှာ စတင်လှုပ်ရှားပြီး မြေယာပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ ကတိစကားတွေကို ဒေသခံ ကျေးလက်လူထုကို ပေးအပ်ဖို့ လိုပါတယ်။ ဒါမှလဲ ဒေသခံလယ်သမားတွေရဲ့ ထောက်ခံမှုကို ရယူနိုင်မှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် အခြေခံနယ်မြေနဲ့ ဒေသခံတွေရဲ့ အကူအညီကို အသုံးပြုပြီး အာဏာရှင်တပ်တွေကို ခြုံခိုတိုက်ခိုက်ရပါမယ်။ တော်လှန်ရေးအတွက် လိုအပ်မယ့် လက်နက်ခဲယမ်းရိက္ခာတွေကို စုဆောင်းရပါမယ်။ ဒီလိုနဲ့ တော်လှန်ရေးသမားတွေဘက်က အောင်ပွဲရလာတာနဲ့အမျှ လူအများကို တော်လှန်ရေးထဲ ပါဝင်လာအောင် ဆွဲဆောင်လာနိုင်မှာ ဖြစ်ပါတယ်။

တဖြည်းဖြည်းနဲ့ foco ဟာ အင်အားကြီးမားလာပြီး၊ တချို့လူတွေဟာ နောက်ထပ် အခြေခံဒေသတွေကို ထိုးဖောက်ခြေကုပ်ယူကြရပါမယ်။ တော်လှန်ရေးအင်အားကြီးထွားလာအောင် ပြုလုပ်ရပါမယ်။ လူတွေ ထပ်ခွဲပြီး မထိုးဖောက်နိုင်သေးတဲ့ နယ်မြေတွေကို ထပ်မံထိုးဖောက် ခြေကုပ်ယူကြရပါမယ်။ တိုင်းပြည်လုံးအနှံ့ ကျေးလက်ဒေသတွေမှာ ခြေကုပ်ရပြီးတဲ့အခါ မြို့ဆင်ခြေဖုံးဒေသတွေကို ထိုးဖောက်နေရာယူပြီး မြို့သိမ်းတိုက်ပွဲတွေ ဆင်နွှဲရပါမယ်။ နောက်ဆုံးမှာ တော်လှန်ရေးသမားတွေဟာ အာဏာရှင်ကို ဖြုတ်ချပြီး၊ အောင်ပွဲခံနိုင်မှာ ဖြစ်တယ်လို့ ချီက ဆိုထားခဲ့ပါတယ်။

**ချီဂွေဗားရားရဲ့ တော်လှန်ရေးအဖွဲ့အစည်း**

ချီက တော်လှန်ရေးတစ်ရပ်ကို လက်နက်ကိုင်တော်လှန်ရေးသမားကသာ ဦးဆောင်နိုင်မယ်လို့ ယူဆခဲ့ပါတယ်။ လက်နက်ကိုင်တော်လှန်ရေး တိုက်ပွဲဆင်နွှဲရင်း အသက်ကိုမပေးဆပ်နိုင်သူ တစ်ယောက်ဟာ တော်လှန်ရေးကို စီစဉ်ညွှန်ကြားနိုင်မှာ မဟုတ်ကြောင်း သူကဆိုထားခဲ့ပါတယ်။ အောင်မြင်တဲ့ လက်နက်ကိုင် တော်လှန်ရေးသမား တစ်ယောက်ဟာ လူ့အဖွဲ့အစည်းအတွင်းမှာ ကာယအား၊ ဉာဏအားတွေနဲ့ ပြည့်စုံတဲ့ elite တစ်ယောက်ဖြစ်ဖို့ လိုအပ်တယ်လို့ သူက ယုံကြည်ထားပါတယ်။ လက်နက်ကိုင်တော်လှန်ရေးသမားတွေကို လူ့အဖွဲ့အစည်းရဲ့ ပြုပြင်ပြောင်းလဲသူတွေ၊ လယ်သမားတွေရဲ့ လမ်းပြနတ်သမီးတွေ၊ ပြည်သူလူထု အကျိုးစီးပွားအတွက် ကြွက်ကြွခံ ရပ်တည်ပေးသူတွေအဖြစ် ချီက သတ်မှတ်ပြောဆိုထားခဲ့ပါတယ်။ ချီရဲ့ ရေးသားဖော်ပြချက်များဟာ elite-based revolutionary organization သဘောတရားများကို အခြေခံထားပါတယ်။

centralization/ decentralization ရှုထောင့်ကနေ ကြည့်မယ်ဆိုရင်တော့ decentralization ကို အခြေခံထားပါတယ်။ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ရဲ့ တပ်ရင်းများဟာ သီးခြားစီ လှုပ်ရှားသင့်ပြီး၊ အင်အားကြီးမားဖို့ လိုအပ်မှသာ ပူးတွဲစစ်ဆင်ရေးတွေ အကောင်အထည်ဖော်သင့်တယ်လို့ ချီက ဆိုခဲ့ပါတယ်။ ဒီတပ်ရင်းတွေအကြားမှာ ရှိသင့်တဲ့ တစ်ခုတည်းသော coordinating mechanism ကတော့ တပ်မှူးတွေဟာ အတွေးအခေါ်ပိုင်းအရ ညီညွတ်နေပြီး၊ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက personal coordination လုပ်ပေးဖို့ပဲ ဖြစ်ပါတယ်။ သူ့အမြင်အရ တပ်မှူးတွေဟာ တပ်ရင်းအသီးသီးကို ဦးဆောင်နေကြပေမယ့် ပထမမူလအစမှာ တူညီတဲ့ foco ကနေ လာကြတာ ဖြစ်တဲ့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာတွေမှာ တူညီမှုတွေ ရှိနေမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကြည့်ရှုစောင့်ကြပ်နေစရာမလိုဘဲ တပ်မှူးတွေရဲ့ လက်ထဲကို အာဏာကုန်လွှဲအပ်ထားလို့ ရတယ်လို့ ဆိုပါတယ်။ ဆုံးဖြတ်ချက်အနည်းငယ်ကိုသာ ထိပ်ပိုင်းခေါင်းဆောင်တွေကို တင်ပြဆွေးနွေးဖို့ လိုအပ်ကြောင်း ဆိုထားပါတယ်။

**ဝေဖန်ဆန်းစစ်ချက်များ**

ချီရဲ့ တော်လှန်ရေးသီအိုရီနဲ့ ပတ်သက်ပြီး ဝေဖန်ဆန်းစစ်ချက်တွေ အများအပြား ပေါ်ထွက်လာပါတယ်။ Doctrinaire Marxists တွေက တော်လှန်ရေးအပေါ် သက်ရောက်မှုရှိတဲ့ urban proletariat ကို ဖယ်ရှားပြီး၊ ကျေးလက်လယ်သမားတွေနဲ့ပဲ ဆိုရှယ်လစ်တော်လှန်ရေးကို ပြုလုပ်ဖို့ ကြိုးပမ်းထားတဲ့ သီအိုရီလို့ ဝေဖန်ကြပါတယ်။ Leninists နဲ့ Trotskyists တွေကတော့ ချီဟာ တော်လှန်ရေးကို ဦးဆောင်ပေးနိုင်မယ့် အခြေခံနိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ vanguard party ကို လျစ်လျူရှုထားတယ်လို့ အတိအလင်းဝေဖန်ထားကြပါတယ်။ မဟာဗျူဟာလေ့လာရေး ပညာရှင်တွေကတော့ ချီရဲ့သီအိုရီဟာ မဟာဗျူဟာချမှတ်ပြီးမှ နည်းဗျူဟာ ချမှတ်ရတဲ့ အစဉ်အလာကို မလိုက်နာဘဲ နည်းဗျူဟာတွေ ချမှတ်ပြီးမှ မဟာဗျူဟာ ချမှတ်ဖို့ ကြိုးပမ်းထားတဲ့ သီအိုရီအနေနဲ့ ဖော်ပြထားခဲ့ကြပါတယ်။

Maoists တွေကတော့ ချီဟာ ပါတီရဲ့ ဦးဆောင်မှုမပါဘဲ တော်လှန်ရေးတပ်တွေ ဖွဲ့စည်းဖို့ ကြိုးစားထားတယ်လို့ ဆိုကြပါတယ်။ သူတို့ရဲ့အမြင်အရ တော်လှန်ရေးတပ်တွေရဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်မှာ စွဲစွဲမြဲမြဲ ရပ်တည်မှုနဲ့ တော်လှန်ရေးတာဝန်များကို ပြည့်မီအောင် ထမ်းဆောင်နိုင်မှုတို့အတွက် ပါတီရဲ့ ဦးဆောင်မှုလိုအပ်ကြောင်း ခိုင်ခိုင်မာမာ ထောက်ပြဝေဖန်ထားကြပါတယ်။ ကျူးဘားတော်လှန်ရေးမှာ ပါတီရဲ့ တော်လှန်ရေး ရည်မှန်းချက်တွေဟာ တော်လှန်ရေးတပ်တွေရဲ့ လက်အောက်ခံဖြစ်နေပြီး၊ တော်လှန်ရေးတပ်တွေဟာ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲမယ့် တပ်တွေ အသွင်မဆောင်ဘဲ bandit gang အသွင်ဆောင်နေကြောင်း Maoists တွေက ဝေဖန်ခဲ့ကြပါတယ်။

တော်လှန်ရေးကို လက်တွေ့ကျကျ သုံးသပ်သူများကတော့ ချီရဲ့သီအိုရီဟာ ကျူးဘားတော်လှန်ရေး တစ်ခုတည်းမှာပဲ အောင်မြင်ခဲ့ပြီး ကွန်ဂို၊ ဘိုလီးဘီးယား၊ ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ပီရူးနဲ့ အယ်လ်ဆာလ်ဗေတော

တော်လှန်ရေးတွေမှာ ကျဆုံးခဲ့ကြောင်း ဝေဖန်ထားခဲ့ကြပါတယ်။ Methodological standpoint က ကြည့်ရင်တော့ ချီသီအိုရီကို အောင်အောင်မြင်မြင် အကောင်အထည် မဖော်နိုင်ကြခြင်းဟာ ချီအနေနဲ့ တော်လှန်ရေး သီအိုရီတစ်ခုလုံးကို ကျူးဘားတော်လှန်ရေးက သူ့ရဲ့ ကိုယ်ပိုင်အတွေ့အကြုံ အနည်းငယ် အပေါ်မှာသာ မှီငြမ်းပြီး ထုတ်ဖော်ခဲ့ခြင်းကြောင့်ပါပဲ။ တကယ်တော့ သီအိုရီတစ်ခုကို အတွေ့အကြုံဖြစ်ရပ် တစ်ခုတည်းအပေါ်မှာ အခြေခံပြီး ဖော်ထုတ်လို့ မရနိုင်ပါဘူး။ ကိုယ်ပိုင်အတွေ့အကြုံအနည်းငယ်ကနေ ပေါ်ထွက်လာတဲ့ သီအိုရီကိုလဲ လူအများက အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး။ အကြောင်းအရာတစ်ရပ်ရဲ့ ဖြစ်နိုင်ချေကို ကိုယ်ပိုင်အတွေ့အကြုံ တစ်ခုတည်းနဲ့ သုံးသပ်လို့ မရပါဘူး။

နောက်တစ်ချက်က ကျူးဘားတော်လှန်ရေးနဲ့ ပတ်သက်တဲ့ ချီရဲ့ အမြင်ဖြစ်ပါတယ်။ ချီက သမိုင်းဖြစ်ရပ်တွေကို တော်လှန်ရေးသမား ရှုထောင့်တစ်ခုတည်းကနေ ရှုမြင်သုံးသပ်ခဲ့တာ ဖြစ်ပါတယ်။ ကျူးဘားတော်လှန်ရေး အောင်မြင်ခဲ့တဲ့ အကြောင်းအရာတွေထဲမှာ အာဏာရှင်ရဲ့ အားနည်းချက်တွေနဲ့ မြို့နေပြည်သူလူထုရဲ့ အာဏာရှင်ကို ထောက်ခံအားပေးမှု မရှိခြင်းတွေလဲ ပေါင်းစပ်ပါဝင်ခဲ့ပါတယ်။ သို့ပေမယ့် ချီကတော့ ကျေးလက်မှာ အခြေခံပြီး တော်လှန်ခဲ့တာ ဖြစ်တဲ့အတွက် ဒီအချက်တွေကို သူ့သီအိုရီမှာ ထည့်သွင်း ပြောကြားထားခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်လဲ သူ့သီအိုရီကို တခြားတော်လှန်ရေးတွေမှာ ပြန်လည်အသုံးပြုတဲ့အခါ တော်လှန်ရေးသမားတွေအနေနဲ့ အာဏာရှင်ရဲ့ အားသာချက်၊ အားနည်းချက်တွေ၊ မြို့နေလူထုရဲ့ ပေါင်းစပ်ပါဝင် ထောက်ခံမှု အနေအထားတွေ၊ ကျေးလက်ပြည်သူတွေရဲ့ စိတ်နေသဘာဝ ကွဲပြားမှုတွေကို အလေးပေးခဲ့ခြင်း မရှိကြပါဘူး။ ချီရဲ့ foco သီအိုရီအတိုင်း လိုက်နာကျင့်သုံးရင်း တော်လှန်ရေး ရေချိန်တွေ ကျဆင်းပြီး အရှုံးနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ချီကိုယ်တိုင်လဲ ဘိုလီဗီးယားမှာ ကျဆုံးခဲ့ရပါတယ်။

ဘိုလီးဗီးယားမှာ ချီကျဆုံးခဲ့ရတာဟာ အစိုးရနဲ့ ဒေသခံပြည်သူလုထုရဲ့ အခြေအနေတွေကို ထည့်သွင်း မစဉ်းစားခဲ့လို့ဖြစ်ကြောင်း ပညာရှင်များက လေ့လာသုံးသပ်ခဲ့ကြပါတယ်။ တကယ်တမ်းကျတော့ ဘိုလီဗီးယားက ကွန်မြူနစ်တော်လှန်ရေးသမားတွေဟာ အပြင်လူတွေရဲ့ အကြံပေးချက်ကို hostile ဖြစ်ပါတယ်။ နယ်မြေခံ ပြည်သူလူထုက တော်လှန်ရေးအပေါ် ထောက်ခံမှု ရေချိန်ကလဲ မမြင့်သေးပါဘူး။ အစိုးရဘက်က structural weakness တွေလဲ မပေါ်ထွက်သေးပါဘူး။ ဒီလို popular support မရှိသေးချိန်နဲ့ command and control မလုပ်နိုင်သေးချိန်မှာ ပထမဆုံးသေနတ်သံ ဖောက်လိုက်တဲ့အတွက် ခုနစ်လအတွင်းမှာ တော်လှန်ရေးသမားတွေ အားလုံးနီးပါး ကျဆုံး၊ ဖမ်းဆီးခံရတဲ့ အခြေအနေကို ကျရောက်ခဲ့ရတာပါ။ သေချာတာတစ်ခုကတော့ ကျူးဘားတော်လှန်ရေးရဲ့ အောင်မြင်မှုမျိုးဟာ နောက်တစ်ကြိမ် ဘယ်တော်လှန်ရေးမှာမှ ထပ်မရတော့ပါဘူး။

**အားနည်းချက်များ**

ဘယ်လိုပဲဖြစ်ဖြစ် ချီရဲ့ foco သီအိုရီဟာ ကမ္ဘာတစ်ဝှမ်းက တော်လှန်ရေးအဖွဲ့အစည်းတွေအကြားမှာ အခုအချိန်အထိ ပျံ့နှံ့နေရာယူဆဲပဲ ရှိပါသေးတယ်။ သီအိုရီက သတ်မှတ်ထားတဲ့ တော်လှန်ရေး

သဘောသဘာဝအရ ကနဦး တော်လှန်ရေးသမားတွေဆိုတာ တကယ့် elite group ဖြစ်ရပါမယ်။ တော်လှန်ရေးကို လူ ၃ဝ-၅ဝ လောက်နဲ့ စတင်ရပါမယ်။ ဒီလူတွေဆီမှာ စည်းရုံးရေးစွမ်းရည်၊ နိုင်ငံရေးစွမ်းရည်နဲ့ စစ်ရေးစွမ်းရည်တွေ ရှိရပါမယ်။ တော်လှန်ရေးသမားတိုင်းမှာ ဒီစွမ်းရည်တွေအားလုံး ပြည့်ဝနေဖို့ဆိုတာက အတော်ကို ခဲယဉ်းလှပါတယ်။ နောက်တစ်ချက်က ဒီလိုအင်အားလောက်နဲ့ အုပ်ချုပ်ရေးစွမ်းရည်မြင့်မားတဲ့ အခြေအနေတစ်ရပ်ကို မပြောင်းလဲနိုင်ပါဘူး။ ကျူးဘားတော်လှန်ရေးမှာ ကက်စထရိုနဲ့ ချီတို့ အနိုင်ရခဲ့တာက ချီတို့ရဲ့ စွမ်းရည်တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ အာဏာရှင်ဘက်မှာ structural weakness တွေ ရှိနေချိန်နဲ့ ကိုက်ညီသွားတာကြောင့် ဖြစ်ပါတယ်။

နောက်တစ်ချက်က တော်လှန်ရေးသမားတွေဟာ အတွေးအခေါ်ရေချိန်နဲ့ စည်းလုံးမှုရေချိန်တွေမှာ ညီညီမျှမျှ ဖြစ်နေကြဖို့လဲ လိုပါသေးတယ်။ ဒီလိုမဟုတ်ဘဲ ပုဂ္ဂလိက ခံစားမှုကို ဦးစားပေးတတ်တဲ့ တပ်မှူးတွေနဲ့ အတွေးအခေါ် ရေချိန်မညီတဲ့ တပ်မှူးတွေက ဦးဆောင်နေကြတဲ့အခါ အာဏာရှင်တပ်တွေရဲ့ သပ်လျှိုဖြိုခွဲမှုတွေ အကြားမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အကြား နားမလည်မှုတွေ ဖြစ်တာ၊ coordinating mechanism နဲ့ တပ်မှူးတွေအကြား ကွဲပြားမှုတွေ ဖြစ်တာကနေ ဟိုတစ်စုကို ရန်သူက ချေမှုန်းလိုက်၊ ဒီတစ်စုကို ရန်သူက သိမ်းသွင်းလိုက်တွေဖြစ်ပြီး ပြိုကွဲကျဆုံးမှုတွေ ဖြစ်လာတတ်ပါတော့တယ်။ ဒါတွေဟာ ချီသီအိုရီရဲ့ အားနည်းချက်တွေဖြစ်ပြီး၊ တခြားနိုင်ငံတွေမှာ အာဏာရှင် တပ်တွေဘက်က အနိုင်ရသွားစေခဲ့တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**နိဂုံး**

နိဂုံးချုပ်ဆိုရရင် ချီဂွေဗားရားရဲ့ foco သီအိုရီကနေပြီး ဆောင်စရာ၊ ရှောင်စရာ သင်ခန်းစာတွေ အများအပြား ထွက်ပေါ်လာတယ်လို့ ဆိုရပါမယ်။ ပထမအချက်က တော်လှန်ရေးတစ်ရပ်မှာ structural conditions တွေ ရှိဖို့လိုအပ်ပါတယ်။ မရှိသေးရင်လဲ ဖန်တီးယူဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒုတိယအချက်က တော်လှန်ရေးဆင်နွှဲရာမှာ ကိုယ့်ဘက်က အားသာချက်တွေကိုပဲ ကြည့်ပြီး အင်အားကို overestimate လုပ်လို့ မရနိုင်ပါဘူး။ ပြည်သူလူထုရဲ့ ရေချိန်၊ အာဏာရှင်ရဲ့ structural weakness စတာတွေကိုပဲ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ တတိယအချက်က တော်လှန်ရေးလုပ်ရာမှာ နည်းလမ်းတစ်ခုတည်းကိုပဲ တရားသေဆုပ်ကိုင်လို့ မရပါဘူး။ ကျေးလက်ပြည်သူကိုပဲ အခြေခံမယ်၊ မြို့ပေါ်က လူထုတိုက်ပွဲကိုပဲ အခြေခံမယ်ဆိုပြီး သတ်မှတ်လို့ မရပါဘူး။ အချိန်အခါနဲ့အညီ အောင်ပွဲကို ဦးတည်စေနိုင်မယ့် နည်းပရိယာယ်တွေကို ပြောင်းလဲ အသုံးချနိုင်ဖို့ လိုပါတယ်။ သပိတ်စုံ၊ သူပုန်ထဖို့ လိုအပ်ချိန်မှာ သပိတ်ပဲ စုံနေရင် ဖြိုခွဲခံရမှာပါပဲ။ သူပုန်ပဲ ထနေရင်လဲ ချေမှုန်းခံရမှာပါပဲ။ လိုအပ်သလို ပေါင်းစပ်ပါဝင်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ စတုတ္ထတစ်ချက်ကတော့ တစ်ခါ အောင်ပွဲရခဲ့တဲ့ အတွေ့အကြုံကို တရားသေဆုပ်ကိုင်ပြီး၊ ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်တွေရဲ့ သီအိုရီသဖွယ် အသုံးချလို့မရဘူး ဆိုတာပါပဲ။ အတွေ့အကြုံနဲ့ သီအိုရီတွေက စနစ်တကျ ပေါင်းစပ်

အသုံးပြုနိုင်မှသာ အသုံးဝင်ပါတယ်။ အတွေ့အကြုံရှိသူက ပြောတိုင်း လိုက်နာဆောင်ရွက်ရမယ့် အမှန်တရားလို့ မယူဆနိုင်ပါဘူး။ သီအိုရီသိသူက ပြောတိုင်းလဲ အမှန်တရားလို့ မသတ်မှတ်နိုင်ပါဘူး။ အချိန်အခါနဲ့ အခြေအနေပေါ်မှာ မူတည်ပြီး သင့်တော်မယ့် သီအိုရီသဘောတရားတွေကို လျော်ညီတဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်မှသာ အောင်ပွဲကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

## ရည်ညွှန်းကိုးကားစာရင်း


*Cohan, A.S. (1975) Theories of Revolution: An Introduction, New York, John Wiley and Sons*

*Debray, R. (1967) Revolution in the Revolution? Armed Struggle and Political Struggle in Latin America, Westport, Greenwood Press, translated by Bobbye Ortiz*

*Foran, J. (1995) 'Revolutionizing Theory/ Theorizing Revolutions: State, Culture, and Society in Recent Works on Revolution', in Nikkie, R. K. (ed.) Debating Revolutions, New York, New York University Press*

*Guevara, C. (1985) Guerrilla Warfare, Lincoln, University of Nebraska Press, includes Guerrilla Warfare (1960) translated by J. P. Morray, Guerrilla Warfare: A Method (1963) , Message to the Tricontinental (1967), and an introduction and case studies by Brian Loveman and Thomas M. Davies, Jr.*

*McCormick, G. (1997/ 1998) 'Che Guevara: The Legacy of a Revolutionary Man', World Policy Journal, Winter 1997/ 1998*

*Scott, J. C. (1976) The Moral Economy of the Peasant, New Haven, Yale University Press*

# ဆောင်းပါး



## ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းရာတွင်အဓိကစဉ်းစားရမည့်မူနှစ်ရပ်

*ဇေယျာဦး*

### နောက်ခံပြဿနာနှင့်ချဉ်းကပ်ရမည့်အဖြေ

မြန်မာ့နိုင်ငံရေးသည် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေးအရ ပြဿနာရှိနေသလို၊ ပြည်ထောင်စု-ပြည်နယ်ဆက်ဆံရေး အရလည်း လိုအပ်ချက်များစွာ ရှိခဲ့ကြသည်ကို ယေဘုယျအားဖြင့် လူအများ နားလည်ထားကြပြီးဖြစ်သည်။ ပထမပြဿနာသည် စစ်တပ်နှင့် အရပ်သားလူ့အဖွဲ့အစည်းကြား ဖြေရှင်းရန်ရှိနေသော ပြဿနာဖြစ်ပြီး ဒုတိယပြဿနာသည် တိုင်းရင်းသားလူများစုနှင့် တိုင်းရင်းသားလူနည်းစုတို့ကြား ဖြေရှင်းရမည့် ပြဿနာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဆိုရသော် အင်စတီကျူးရှင်းမူဘောင်အရ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ခြင်းဖြင့် ပထမ ပြဿနာကိုရှင်းနိုင်မည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖော်ဆောင်ခြင်းအားဖြင့် ဒုတိယပြဿနာကို ကိုင်တွယ်နိုင်မည်ဟု ဆိုနိုင်ပါသည်။ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ခြင်းသည် ဆိုခဲ့ပါပြဿနာနှစ်ခုစလုံးကို တပြိုင်နက်တည်း ဖြေရှင်းပေးနိုင်မည့် တစ်ခုတည်းသောအဖြေဆိုသည်ကို ယေဘုယျအားဖြင့်ငြင်းစရာမလိုပေ။ သို့သော်လည်း အသေးစိတ်မူအားဖြင့် စဉ်းစားရမည့်အချက်ပေါင်းများစွာတော့ ရှိပါသည်။ ၎င်းတို့ထဲတွင် အားလုံးမျှော်မှန်းသော အနာဂါတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကြီးတွင် သမိုင်းအဆက်ဆက် အာဏာရှင်တို့၏ လက်ကိုင်တုတ်သဖွယ် ဖြစ်ခဲ့သော ပြည်ထောင်စုတပ်မတော်ကို မည်သို့ပုံဖော် တည်ဆောက်မည်ဆိုသည့်အချက်က များစွာအရေးကြီးလာပါသည်။

အနာဂါတ်ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းပုံသည် အထက်တွင်ဖော်ပြခဲ့သော ပြဿနာနှစ်ရပ်ကို ဖြေရှင်းပေးနိုင်မည့် ဖွဲ့စည်းပုံဖြစ်ဖို့လိုပါသည်။ ထိုအတွက် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းရာတွင် အခြေခံရမည့် မူများထဲမှ

အဓိကအရေးကြီးဆုံး မူနှစ်ခုရှိပါသည်။ ***<u>စစ်တပ်ကိုအရပ်ဘက်စီမံကွပ်ကဲမှုအောက်တွင်ထားရှိခြင်း</u>*** နှင့် ***<u>စစ်ရေးအာဏာကို ဖက်ဒရယ်ဒီမိုကရေစီစနစ်အခြေခံဖြင့် ခွဲဝေကျင့်သုံးခြင်း</u>*** တို့ဖြစ်ပါသည်။

**စစ်တပ်ကိုအရပ်ဘက်စီမံကွပ်ကဲမှုအောက်တွင်ထားရှိခြင်း**

ဒီမိုကရေစီစနစ်တွင် ပြည်သူရွေးကောက်တင်မြှောက်ထားသော အစိုးရအဖွဲ့သည်သာ နိုင်ငံတော်တွင် ပြည်သူ့ကိုယ်စား အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။ နိုင်ငံ၏ အကောင်းအဆိုးအတွက် မူဝါဒအားလုံးသည် ပြည်သူ့ရွေးကောက်ခံအရပ်သားအစိုးရကသာ စီမံချမှတ်ရမည်မှာ ဒီမိုကရေစီ၏ အခြေခံစံနှုန်းတစ်ခုပင် ဖြစ်သည်။ အနာဂါတ်တွင် ပေါ်ထွန်းလာမည့် မြန်မာနိုင်ငံ၏ ဖက်ဒရယ်တပ်မတော်သည် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော အရပ်သားအစိုးရ၏ စီမံထိန်းချုပ်မှုအောက်တွင်ရှိရပေမည်။ အရပ်ဘက်စီမံထိန်းချုပ်မှုဟုဆိုရာတွင် (က) အုပ်ချုပ်ရေးမဏ္ဍိုင်ရှိ နိုင်ငံတော်သမ္မတ နှင့် ကာကွယ်ရေးဝန်ကြီးကဲ့သို့သက်ဆိုင်ရာ နိုင်ငံရေးအကြီးအကဲများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာကွပ်ကဲမှု (Executive control)၊ (ခ) ဥပဒေပြုမဏ္ဍိုင်ကချမှတ်ထားသော ဥပဒေမူဘောင်များ နှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၏ ထိန်းချုပ်မှု (Legislative control)၊ (ဂ) တရားစီရင်ရေး မဏ္ဍိုင်ကစီရင်ဆုံးဖြတ်သော တရားရေးဆိုင်ရာထိန်းချုပ်မှု (Judicial Control)၊ (ဃ) ပြည်ထောင်စု စာရင်းစစ်ချုပ်ဌာန၏ ငွေစာရင်းစိစစ်ရေးမူဘောင်ဆိုင်ရာ ထိန်းချုပ်မှု (Control by the Federal Audit) စသော ကွပ်ကဲထိန်းချုပ်မှုများကို ဆိုလိုသည်။ ထို့အပြင် လူ့အခွင့်အရေးကော်မရှင်ကဲ့သို့ လွတ်လပ်သောအဖွဲ့အစည်း များနှင့် အရပ်ဘက်အဖွဲ့အစည်းများကလည်း ဖက်ဒရယ် တပ်မတော်၏ လူ့အခွင့်အရေး နှင့် ဥပဒေပိုင်းဆိုင်ရာ လိုက်နာမှုများကို အစဥ်သဖြင့် လေ့လာစောင့်ကြည့် နိုင်စေမည့် ဖွဲ့စည်းပုံမျိုးလည်း ဖြစ်ရပေမည်။

**စစ်ရေးအာဏာ ကို ဖက်ဒရယ်ဒီမိုကရေစီစနစ်အခြေခံဖြင့် ခွဲဝေကျင့်သုံးခြင်း**

အနာဂါတ်တွင်ပေါ်ထွန်းလာမည့် မြန်မာ့ဖက်ဒရယ်တပ်မတော်အတွက် စစ်ရေးဆိုင်ရာအခွင့်အာဏာကို ဒီမိုကရေစီစနစ်အရ အလျားလိုက်ခွဲဝေကျင့်သုံးရန်လိုအပ်သလို ဖက်ဒရယ်စနစ်အခြေခံအရ ဒေါင်လိုက် ခွဲဝေကျင့်သုံးရန်လည်း လိုအပ်သည်။

အလျားလိုက်ဆိုသည်မှာ စစ်ရေးဆိုင်ရာအခွင့်အာဏာကို အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုတည်းက ချုပ်ကိုင်ထားခြင်းမျိုးမဟုတ်ဘဲ ဥပဒေပြုမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ကဲ့သို့ မတူသောဒီမိုကရေစီမဏ္ဍိုင်များကြား ခွဲဝေကျင့်သုံးသကဲ့သို့ အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ခုတည်းအတွင်းမှာပင် မတူသောကဏ္ဍများတွင် မျှဝေအပ်နှင်းထားခြင်းအားဖြင့် အပြန်အလှန်ထိန်းကြောင်းမှုကိုဖော်ဆောင်ခြင်းဖြစ်သည်။ ဥပမာ - ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ခြင်းခံထားရသော သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်က ဖက်ဒရယ်လက်နက်ကိုင်တပ်မတော်ကြီးတစ်ခုလုံး၏ အကြီးအကဲဖြစ်ပြီး ပြည်ထောင်စုအဆင့် စစ်ရေးစစ်ရာကိစ္စရပ်များကို စီမံခန့်ခွဲခွင့်ရှိခြင်း၊ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်

ရာထူးများအတွက် အမည်စာရင်းအဆိုပြုခြင်းများကို လုပ်ဆောင်နိုင်ပြီး နှစ်စဥ်စစ်သုံးစရိတ်ဆိုင်ရာ ဘတ်ဂျတ် ဥပဒေများ၊ စစ်ဘက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခြင်းနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြီးအကဲက အဆိုပြုလာသော စစ်ဘက်ဆိုင်ရာ ရာထူးများအတွက်လူပုဂ္ဂိုလ်များကို အတည်ပြုပေးခြင်း၊ ပယ်ချခြင်း စသည်တို့ကို ဥပဒေပြု လွှတ်တော်က လုပ်ဆောင်ပေးခြင်းမျိုးဖြစ်သည်။ ထို့အပြင် လွှတ်တော်တွင်း၌ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်း၍ တပ်မတော်၏ ငွေကြေးသုံးစွဲမှုနှင့် အခြားလုပ်ဆောင်ချက်များကို လွှတ်တော်အနေဖြင့် ထိန်းကျောင်းနိုင်သည်။ အရပ်ဘက်တွင်ပြစ်မှုကျူးလွန်သည့် တပ်မတော်သားများကို စစ်ဥပဒေအရသာမက အရပ်ဘက်ဥပဒေအရပါ အဆင့်ဆင့်သောတရားရုံးများက တရားစီရင်ပိုင်ခွင့်ရှိခြင်းမျိုးများဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုတစ်ခုလုံးနှင့်သက်ဆိုင်သော အရေးကြီးသည့်ဆုံးဖြတ်ချက်များ (ဥပမာ - တိုင်းတပါးသို့စစ်ကြေညာ ခြင်းကဲ့သို့သောဆုံးဖြတ်ချက်များ) ချမှတ်နိုင်ရန်အတွက်လည်း လုံခြုံရေးနှင့်ကာကွယ်ရေးကောင်စီကဲ့သို့သော အဆင့်မြင့် ယန္တရားအဖွဲ့အစည်းတစ်ခုကို မတူသောမဏ္ဍိုင်များ၊ ဌာနများမှအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထား ခြင်းမျိုးဖြစ်သည်။ မဏ္ဍိုင်တစ်ခုတည်းအတွင်းမှာပင် မတူသောဌာနများအလိုက်အာဏာခွဲဝေပေးခြင်းဆိုသည်မှာ ဥပမာ - အရပ်သားကာကွယ်ရေးဝန်ကြီးလက်အောက်ရှိ စစ်ဦးစီးချုပ်ရာထူးကို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တည်းကိုပေးအပ်ခြင်းမျိုးမဟုတ်ဘဲ အစုအဖွဲ့လိုက်ကို ပေးအပ်ခြင်း၊ တစ်နည်းအားဖြင့် တစ်ဦးချင်းခေါင်းဆောင်မှု မဟုတ်ဘဲ စုပေါင်းခေါင်းဆောင်မှုစနစ် ထားရှိခြင်းမျိုးဖြစ်သည်။ ဆိုလိုသည်မှာ ကြည်း၊ ရေ၊ လေ နှင့် ကမ်းရိုးတမ်းစောင့်တပ် စသည့် မတူသောလက်ရုံးတပ်တစ်ခုချင်းစီမှ ဦးစီးချုပ်များပါဝင်ဖွဲ့စည်းထားသည့် စစ်ဦးချုပ်များကော်မတီဖြင့် တပ်မတော်တစ်ခုလုံးကို ဦးဆောင်မှုပေးသည့်စနစ်ဖြစ်သည်။ ထို့အပြင် အမျိုးသား သို့မဟုတ် နိုင်ငံတော်လုံခြုံရေးတာဝန်နှင့် အများပြည်သူလုံခြုံရေးတို့ကို သီးခြားစီခွဲထားပြီး အဆိုပါတာဝန်နှစ်ခု ကို မတူသောအဖွဲ့အစည်းများက ကိုယ်စီတာဝန်ယူပြီး တစ်ဖွဲ့ကိုတစ်ဖွဲ့ လွှမ်းမိုးစွက်ဖက်ခွင့်မရှိစေဘဲ ထမ်းဆောင်နိုင်ရမည် ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးတာဝန်ကို တပ်မတော်က ယူရလေ့ရှိပြီး အများပြည်သူ ရပ်ရွာလုံခြုံရေး တာဝန်ကို ရဲတပ်ဖွဲ့ များက ယူရလေ့ရှိပါသည်။

စစ်ရေးအာဏာကို ဒေါင်လိုက်ခွဲဝေကျင့်သုံးခြင်းဆိုသည်မှာ ကိုယ်ပိုင်သီးခြားအုပ်ချုပ်ခြင်း (Self-rule) နှင့်စုပေါင်း အုပ်ချုပ်ခြင်း (Shared Rule) ဟူသော ဖက်ဒရယ်စနစ်၏ အနှစ်သာရနှင့်အညီ အာဏာခွဲဝေကျင့်သုံးခြင်း ဖြစ်ပြီး ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့စည်းမှု၊ စီမံခန့်ခွဲမှု၊ ကိုယ်စားပြု ပါဝင်နိုင်မှုနှင့် တပ်ဖွဲ့ဆင့်ခေါ်နိုင်ခွင့် အာဏာတို့ကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ကြား ခွဲဝေအပ်နှင်းထားခြင်း ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်နှင့် ပြည်ထောင်စုလုံခြုံရေး အတွက် ပြည်ထောင်စုရဲတပ်ဖွဲ့ကို ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းထားရှိသကဲ့သို့ ပြည်နယ်အဆင့်တွင်လည်း ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များထားရှိပြီး ပြည်နယ်၏လုပ်ကိုင် ဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရက ဝင်ရောက် စိုးမိုးစွက်ဖက်ခွင့်မရှိချေ။ အချို့နိုင်ငံများ (ဥပမာ - အမေရိက ကန်ပြည်ထောင်စု) တွင် ပြည်နယ်ရဲတပ်ဖွဲ့အပြင် National Guard ကဲ့သို့ ပြည်နယ်တပ်များ ထားရှိသကဲ့သို့ အနာဂါတ် မြန်မာပြည်တွင်လည်း ပြည်နယ်စောင့် တပ်များ ထားရှိမည်လား ဆိုသည်မှာလည်း စဥ်းစားဖွယ်ရာဖြစ်သည်။ ထို့အပြင် နိုင်ငံခြားတိုင်းပြည်များနှင့်

နယ်နိမိတ်ချင်း ထိစပ်နေသည့် ပြည်နယ်များ၊ ကမ်းရိုးတမ်းများ နှင့် ထိစပ်နေသည့် ပြည်နယ်များတွင် ထားရှိရမည့် နယ်ခြားစောင့်တပ်များ၊ ကမ်းရိုးတမ်းစောင့်တပ်များကို သက်ဆိုင်ရာပြည်နယ်အစိုးရများ၏ စီမံကွပ်ကဲမှုအောက်တွင် ထားရှိမည်လား၊ ပြည်ထောင်စုအစိုးရက စီမံမည်လား ဆိုသည်မှာလည်း အထူးစဉ်းစားဖွယ်ရာဖြစ်ပါသည်။ ကိုယ်စားပြု ပါဝင်နိုင်မှုဆိုသည်မှာ ပြည်ထောင်စုအဆင့် စစ်ရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်မြင့်အဖွဲ့အစည်းများ (ဥပမာ ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများ) တွင် ပြည်နယ်များမှ ကိုယ်စားပြုပါဝင်နိုင်ခြင်းမျိုးဖြစ်သည်။ အကယ်၍ ပြည်နယ်စောင့်တပ်များ ထားရှိမည်ဆိုပါက ပြည်နယ်စောင့် တပ်များ၏ဦးစီးချုပ်ကို ပြည်နယ်အလိုက် အလှည့်ကျ ခန့်အပ်နိုင်ပြီး ၎င်းဦးစီးချုပ်သည် ပြည်ထောင်စုအဆင့် စစ်ဦးစီးချုပ်များကော်မတီ (Joint Chief of Staff) တွင် ပြည်နယ်ကိုယ်စားပြု ပါဝင်နိုင်ရမည်ဖြစ်သည်။ တပ်ဖွဲ့များဆင့်ခေါ်အသုံးပြုနိုင်ခွင့် ဆိုသည်မှာ ပြည်ထောင်စုအဆင့် ဖက်ဒရယ်တပ်မတော်ကို ပြည်ထောင်စုအစိုးရက ဆင့်ခေါ်အသုံးပြုခွင့်၊ ကွပ်ကဲခွင့်ရှိသည်မှာ အငြင်းပွားဖွယ်ရာမရှိသော်လည်း အကယ်၍ ပြည်နယ်စောင့်တပ်များ ထားရှိမည်ဆိုပါက အဆိုပါတပ်များအပေါ် ပြည်နယ်အစိုးရသာမက ပြည်ထောင်စုအစိုးရကလည်း ကွပ်ကဲခွင့်ရှိသည့် စနစ်မျိုးကို စဥ်းစားနိုင်သည်။ ပြည်နယ်စောင့်တပ်ကို အမြဲတမ်းတပ်များမဟုတ်ဘဲ ဗော်လန်တီယာတပ် များဖြစ်ပြီး အရေးပေါ်အခြေအနေ ပေါ်ပေါက်မှသာ ဆင့်ခေါ်နိုင်သော တပ်များအဖြစ်လည်း စဥ်းစားနိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင်မူ ၎င်းပြည်နယ်တပ်များ၏ အဓိကတာဝန်မှာ ပြည်နယ်တွင်း ဆူပူအကြမ်းဖက်မှုများကို ထိန်းသိမ်းရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်သောအခါ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြစ်သည်။ ၎င်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ၏ ကွပ်ကဲမှုကိုနာခံရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် တိုင်းတပါးကျူးကျော်စစ် ကြုံလာပါက ပြည်ထောင်စုအစိုးရ၏ ကွပ်ကဲမှုဖြင့် ပေးအပ်လာသောတာဝန်ကို ထမ်းဆောင်ကြရသည်။

## နိဂုံး

လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် မတူကွဲပြားမှုများကို နေရာပေးခြင်းနှင့် လူသားလုံခြုံရေးအယူအဆကို အခြေခံခြင်း ကဲ့သို့ အခြားအရေးကြီးသော မူများလည်းရှိပါသည်။ သို့သော်အနာဂါတ်မြန်မာပြည်၏ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းပုံသည် သမိုင်းအဆက်ဆက် ရှိနေခဲ့သော စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပြဿနာနှင့် ပြည်ထောင်စု-ပြည်နယ် ဆက်ဆံရေးပြဿနာကို အဓိကဖြေရှင်းပေးနိုင်မည့် အလွန်အရေးကြီးသောကဏ္ဍတစ်ခု ဖြစ်သည့်အလျောက် ဆိုခဲ့ပါမူနှစ်ရပ်သည် လက်တွေ့ကျကျ ထည့်သွင်းစဥ်းစားရမည့် မူများဖြစ်နေသည်။ ယနေ့နိုင်ငံရေးအခင်းအကျင်းသည် ဒီမိုကရက်တစ် အင်အားစုအားလုံး စည်းလုံးညီညွတ်မှု အခြေပြု၍ နိုင်ငံရေးမဟာဗျူဟာ ပိုင်နိုင်စွာ ကိုင်တွယ်နိုင်မည် ဆိုပါက မြန်မာ့နိုင်ငံရေး သမိုင်းအဆက်ဆက် အကြွေးတင်ရှိနေခဲ့သော အဆိုပါ ပြဿနာနှစ်ရပ်စလုံးကို တပြိုင်နက်တည်း ဖြေရှင်းနိုင်မည့် အခွင့်အလမ်းအဖြစ်ပြောင်းသွားနိုင်ပါသည်။

**ဆောင်းပါး**

# Gender နှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ လွှတ်တော်ကွပ်ကဲမှု

Myanmar Institute of Gender Studies (MIGS)



**နိဒါန်း**

ဒီမိုကရေစီအသွင်ကူးပြောင်းသော ကာလများနှင့် ပဋိပက္ခအလွန်တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်လေ့ရှိကြပြီး၊ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာမှာ လုံခြုံရေး ဝန်ဆောင်မှုပေးသူများ၏ ထိရောက်မှု၊ မျှတမှု၊ တာဝန်ခံမှုနှင့် အခွင့်အရေးလေးစားမှုဆိုင်ရာ ဝန်ဆောင်မှု စွမ်းရည်များ မြင့်မားလာစေရေး ဆောင်ရွက်ရန်၊ ဒီမိုကရေစီနည်းကျ အရပ်ဘက်အုပ်ချုပ်မှုနှင့် ကွပ်ကဲမှုဆိုင်ရာ နိုင်ငံတော် စွမ်းရည်များကို မြှင့်တင်ရန်၊ ရေရှည်ခံ၍ တိုင်းပြည်၏စီးပွားရေးအင်အားနှင့် ချိန်ဆထားကာ ပြည်သူလူထု၏ လုံခြုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် လုံခြုံရေးကဏ္ဍကြီး ဖြစ်ထွန်းစေရန် စသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်လေ့ရှိပါတယ်။

**လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (Security Sector Reform)**

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် အခြေခံသင့်သည့် အရေးပါသော အခြေခံမူများကို ရေးဆွဲပြဋ္ဌာန်းရာတွင် People-Centred (လူထုဗဟိုပြုမှု)၊ Primacy of the Rule of Law (တရားဥပဒေစိုးမိုးရေး အခြေတည်မှု)၊ Transparency (ပွင့်လင်းမြင်သာမှု)၊ Democratic Accountability and Oversight (ဒီမိုကရေစီနည်းကျတာဝန်ခံမှုနှင့်ကွပ်ကဲမှု)၊ Whole of Government Coordination (အစိုးရကဏ္ဍပေါင်းစုံ ချိတ်ဆက်ဆောင်ရွက်မှု)၊ Operational Effectiveness (လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှု)၊ Coordination, Sequencing & Integrated Policy Responses (ဆက်သွယ်ညှိနှိုင်းချိတ်ဆက်မှု၊ နည်းစနစ်မှန်ကန်မှု၊ ပေါင်းစပ်ညှိနှိုင်းထားသော မူဝါဒရေးရာ တုန့်ပြန်မှု)၊ Civilianization (အရပ်ဘက်အမြင်များ ထည့်သွင်းစဉ်းစားမှု)၊ Civil Society Engagement (အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှု)၊ A Political Process (နိုင်ငံရေးဖြစ်စဉ်)၊ Ownership (ဒေသခံများမှ ပိုင်ဆိုင်မှု)၊ Gender (ကျားမရေးရာ)၊ Sustainability (ရေရှည်ခံမှု)၊ Long Term (အချိန်ကြာမြင့်မှု) နှင့် Context-Specific (အခြေအနေနှင့် လိုက်လျောညီထွေရှိမှု) စသည်တို့

ဤစာစောင်တွင်ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒ မဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာဖြစ်သည်။

ပါဝင်ပါတယ်။

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဖော်ဆောင်ရာတွင် နိုင်ငံရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လူ့အဖွဲ့အစည်းရေးရာရှုထောင့်နဲ့ အင်စတီကျူးရှင်းရှုထောင့်ဆိုပြီး လေးမျိုးကို ထည့်သွင်းစဉ်းစားကြပါတယ်။ နိုင်ငံရေးရှုထောင့် (Political Dimension of SSR) တွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များနှင့် ပြုပြင်ပြောင်းလဲရေးသဏ္ဌာန်များဆိုင်ရာ သဘောတူညီချက်၊ မူဝါဒရေးရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဥပဒေရေးရာ ကွပ်ကဲမှုယန္တရားများကို ထည့်သွင်းစဉ်းစားကြပါတယ်။ စီးပွားရေးရှုထောင့် (Economic Dimension of SSR) တွင် လုံခြုံရေးဆိုင်ရာ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုံခြုံရေးအသုံးစရိတ်များနှင့် အမျိုးသားလုံခြုံရေးမူဝါဒ အကြားဆက်နွယ်ပတ်သက်မှု၊ အသုံးစရိတ်များမှ ပေါ်ထွက်လာနိုင်သော စွမ်းရည်မြင့်မားမှုနှင့် ထိရောက်မှုများကို ထည့်သွင်းစဉ်းစားကြပါတယ်။

လူ့အဖွဲ့ အစည်းရေးရာ ရှုထောင့် (Societal Dimension of SSR) တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍ၊ အရပ်ဘက်နှင့် လုံခြုံရေးအင်အားစုများအကြားမှ ဆက်ဆံရေး၊ လူ့အဖွဲ့အစည်းအတွင်းရှိ လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ အစဉ်အလာဓလေ့ထုံးတမ်းများ စသည်တို့ကို ထည့်သွင်းစဉ်းစားကြပါတယ်။ အင်စတီကျူးရှင်းရေးရာရှုထောင့် (Institutional Dimension of SSR) တွင် လုံခြုံရေးအင်အားစုများ အား စွမ်းရည်မြှင့်သင်တန်းများပေးခြင်း၊ လိုအပ်သော ယူနီဖောင်းများနှင့် ကိရိယာများ တပ်ဆင်ပေးခြင်း၊ စည်းကမ်းဖောက်ဖျက်ပါက အရေးယူသော ယန္တရားများ ခိုင်မာစွာချမှတ်ခြင်း၊ အထက်အောက်ကွပ်ကဲမှု အားကောင်းစေရန် ဆောင်ရွက်ခြင်း စသည်တို့ပါဝင်ပါတယ်။

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၏သွင်ပြင်လက္ခဏာများကို ဖော်ပြကြရာတွင် One Two Three ဟု အတိုကောက်သုံးစွဲလေ့ရှိကြပါတယ်။ One Fundamental approach ဆိုသည်မှာ လုံခြုံရေးမူဝါဒများ၊ လုံခြုံရေး အင်စတီကျူးရှင်းများနှင့် လုပ်ငန်းဆောင်တာများအား ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာမှာ စနစ်တကျ ပုံစံဒီဇိုင်းဆွဲခြင်း၊ စီမံခန့်ခွဲမှုများ ပြုလုပ်ရာ၌ ဒေသခံများမှ ဦးဆောင်ပြုလုပ်ရမည့် local ownership ချဉ်းကပ်နည်းလမ်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

Two core objectives ဆိုသည်မှာ ထိရောက်မှုမြင့်တင်ခြင်းနှင့် တာဝန်ခံမှုအားကောင်းခြင်း ရည်မှန်းချက်

နှစ်ရပ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် လုံခြုံရေးနှင့် တရားမျှတမှု ဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်မှုများအား ထိရောက်မှုရှိစေရန် မြှင့်တင်ဆောင်ရွက်ရေး ဆောင်ရွက်ရာမှာ လုံခြုံရေးနှင့် တရားမျှတမှုဆိုင်ရာ ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများပေးခြင်း၊ လိုအပ်သော ကိရိယာ ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးခြင်းနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုများ အားကောင်းစေရန် ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ရေးဟာ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးရဲ့ ပထမဦးစားပေး ရည်မှန်းချက်ဖြစ်ပါတယ်။

ဒုတိယဦးစားပေး ရည်မှန်းချက်ဖြစ်တဲ့ တာဝန်ခံမှုအားကောင်းခြင်း ဆိုရာမှာ formal accountability နဲ့ informal accountability နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ Formal accountability ဆိုရာမှာ ကျင့်ဝတ်များ၊ ကြီးကြပ်မှုများ၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များ စသည်တို့နဲ့ သက်ဆိုင်ရာအဖွဲ့တွင်း လုပ်နည်းလုပ်ဟန်များနဲ့ လွှတ်တော်မှ ကွပ်ကဲမှု၊ အရပ်ဘက် အုပ်ချုပ်မှု၊ တရားရေးသုံးသပ်ချက်၊ အရပ်သားများမှ ကွပ်ကဲမှုတို့နဲ့ သက်ဆိုင်သော ပြင်ပရေးရာ လုပ်ထုံးလုပ်နည်းများ စသည်တို့ပါဝင်ပါတယ်။ Informal accountability ဆိုရာမှာ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ သုတေသနအဖွဲ့များ၊ မီဒီယာနှင့် အင်ဂျီအိုအဖွဲ့များ မှ လေ့လာစောင့်ကြည့်ခြင်း စတဲ့လုပ်ငန်းစဉ်များ ပါဝင်ပါတယ်။

Three Essential Dimensions ဆိုရာမှာ နိုင်ငံရေးသိမြင်နားလည်မှု၊ နည်းပညာကျွမ်းကျင်မှုနှင့် ကဏ္ဍစုံ လွှမ်းခြုံမှုတို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရာမှာ နိုင်ငံရေးအခြေအနေကို ချိန်ဆစဉ်းစားခြင်း၊ နည်းပညာစွမ်းရည်များ ပြည့်စုံခြင်းနှင့် ကဏ္ဍစုံ ထည့်သွင်းစဉ်းစားနိုင်တဲ့ အမြော်အမြင်ရှိခြင်း စတာတွေ လိုအပ်ပါတယ်။ နိုင်ငံရေးသိမြင်နားလည်မှုမြင့်မားခြင်း၊ဆန်းစစ်လေ့လာခြင်း၊ သုတေသနပြုလုပ်ခြင်း၊ စေ့စပ်ဆွေးနွေးခြင်း၊ နည်းပရိယာယ်ကြွယ်ဝခြင်း၊ သံခင်းတမန်ခင်း ကျွမ်းကျင်ခြင်း စတဲ့ စွမ်းရည်များရှိမှသာ လုံခြုံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ် (SSR process) ကို စနစ်တကျ စီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။

**လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာမှာ**

- ဗဟုသုတနှင့် အတွေ့အကြုံများ (ကာကွယ်ရေး၊ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေး၊ နယ်စပ်ရေးရာနှင့် ဆက်စပ်အကြောင်းအရာများ)
- နည်းပညာကျွမ်းကျင်မှု (ဘတ်ဂျက်စီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်

သတင်းအချက်အလက်နည်းပညာ၊ မဟာဗျူဟာ စီမံခန့်ခွဲရေး၊ လေ့ကျင့်ရေး)

• ပြောင်းလဲမှု စီမံခန့်ခွဲခြင်း အတွေ့အကြုံ (ဦးဆောင်မှုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း စွမ်းရည်များအသုံးပြု၍ ဖွဲ့စည်းမှုနှင် စီမံခန့်ခွဲမှုပြောင်းလဲရေး ဖြစ်စဉ်များအား အကောင်အထည်ဖော်ခြင်း)

• အစီအစဉ် စီမံခန့်ခွဲမှုစွမ်းရည်များ (အရင်းအမြစ် စီမံခန့်ခွဲမှု၊ ပြင်ဆင်မှု၊ သတင်းပို့ခြင်းနှင့် ပေါင်းစပ်ချိတ်ဆက်ခြင်း) စတဲ့ နည်းပညာစွမ်းရည်များ လိုအပ်ပါတယ်။

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းရေး ဆောင်ရွက်ရာမှာ အများပြည်သူရဲ့ လုံခြုံရေးနဲ့ တရားမျှတမှုဆိုင်ရာ လိုအပ်ချက်များကို အလေးထားရမယ်။ ဒီလိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ရာမှာ နိုင်ငံတော် လုံခြုံရေး မူဝါဒများနှင့် မဟာဗျူဟာများကို စနစ်တကျ ရေးဆွဲချမှတ်ရမယ်။ မဟာဗျူဟာများ ချမှတ်ရာမှာ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲရေး (ကာကွယ်ရေး၊ ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေး စသည်) တို့ကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်သလို၊ အခြားဆက်စပ်ရေးရာများဖြစ်တဲ့ ကျားမရေးရာ၊ လူ့အခွင့်အရေးနှင့် အစီအစဉ်၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စတာတွေကိုလဲ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ SSR နှင့် အခြားပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များဖြစ်သော လက်နက်ဖြုတ်သိမ်းခြင်း၊ စုဖွဲ့မှုဖျက်သိမ်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းဖြစ်စဉ်၊ အသွင်ကူးပြောင်းကာလ တရားမျှတမှု၊ လက်နက်ငယ်ထိန်းချုပ်ရေး၊ မြေမြှုပ်မိုင်းရေးရာ၊ ရွေးကောက်ပွဲတို့ အကြားမှာလဲ ဆက်နွယ်ပတ်သက်မှုများ ရှိပါတယ်။

**လုံခြုံရေးကဏ္ဍအား အရပ်ဘက်အုပ်ချုပ်မှုနှင့် ကွပ်ကဲမှု**

လုံခြုံရေးကဏ္ဍ ဝန်ဆောင်မှုများ ထိရောက်အောင်မြင်မှုရှိစေဖို့ လွှတ်တော်နဲ့ အစိုးရများမှာ ပူးတွဲတာဝန် ရှိပါတယ်။ပူးတွဲတာဝန်များလုပ်ဆောင်ရာမှာ နိုင်ငံရေးနဲ့စစ်ရေးခေါင်းဆောင်များ အကြားမှ ဆက်ဆံရေးကလဲ အရေးပါပါတယ်။ နိုင်ငံရေးနဲ့ စစ်ရေးခေါင်းဆောင်မှုဆိုတာ ဆန့်ကျင်ဘက် ရည်မှန်းချက်များကို အကောင်အထည်ဖော်နေခြင်းမဟုတ်ပါ။ ထိရောက်သော လူထုဗဟိုပြု လုံခြုံရေးမူဝါဒများ ပေါ်ထွက်လာစေရန် နိုင်ငံရေးနဲ့ စစ်ရေးခေါင်းဆောင်များမှာ ပူးတွဲတာဝန်ရှိပါတယ်။ ဒါကြောင့် ဒီမိုကရက်တစ်ကွပ်ကဲမှု ဆိုရာမှာ နိုင်ငံရေး ခေါင်းဆောင်များနဲ့ စစ်ခေါင်းဆောင်များအကြားမှာ အပြန်အလှန်ယုံကြည်မှုရှိခြင်း၊ ပွင့်လင်းသော ဆက်ဆံရေး လမ်းကြောင်းများရှိခြင်းတို့အပေါ် အခြေခံတဲ့ ဒိုင်ယာလော့ သဘောတရား ပေါင်းစပ်ပါဝင်ပါတယ်။

အုပ်ချုပ်ရေးကဏ္ဍဟာ လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ယေဘုယျလမ်းညွှန်သဘောတရားများ ချမှတ်ခြင်းနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ဦးစားပေးလုပ်ငန်းစဉ်များချမှတ်ခြင်း စတာတွေကို ပြုလုပ်ဖို့ လိုအပ်ပါတယ်။

ဥပဒေပြုရေးကဏ္ဍမှ လွှတ်တော်ကွပ်ကဲမှုကို ကျင်းသုံးပြီး၊ လုံခြုံရေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဘတ်ဂျက်ခွဲဝေချထားသတ်မှတ်ချက်များ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ရပါတယ်။ တရားရေးကဏ္ဍက လုံခြုံရေးကဏ္ဍအား လေ့လာစောင့်ကြည့်ခြင်း၊ တရားရေးဆိုင်ရာ သုံးသပ်ချက်များ ပြုလုပ်ခြင်း၊ ပြစ်မှုကျူးလွန်သော လုံခြုံရေးဝန်ထမ်းများအား အရေးယူခြင်း စသည်တို့ကို လုပ်ဆောင်ပါတယ်။

ဒီမိုကရက်တစ် အရပ်ဘက်စစ်ဘက်ဆက်ဆံရေးသဘောတရားအရ နိုင်ငံတော်ဟာ အင်အားအသုံးပြုမှုကို တရားဝင်လုပ်ဆောင်ခွင့်ရှိတဲ့ တစ်ခုတည်းသော အရာဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံရေး ဝန်ဆောင်မှုများ ပြုလုပ်ရာမှာ ဒီမိုကရေစီ အုပ်ချုပ်ရေးအပေါ် တာဝန်ခံမှု ရှိရပါမယ်။ လွှတ်တော်ဟာ လုံခြုံရေးနှင့် ကာကွယ်ရေး အသုံးစရိတ်များကို ချမှတ်ပေးရမယ့် တစ်ခုတည်းသော ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သတ်မှတ်အဖွဲ့ဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့အစည်းများသည် နိုင်ငံရေးအရ ဘက်လိုက်မှု ကင်းရှင်းရပါမယ်။ လုံခြုံရေးကဏ္ဍဝန်ထမ်းများဟာ နိုင်ငံတွင်းနှင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ပါက တရားရုံးများအပေါ် တာဝန်ခံမှု ရှိရပါမယ်။

လွှတ်တော်မှ ကွပ်ကဲမှုဆိုရာမှာ အစိုးရ၊ လုံခြုံရေးအင်စတီကျူးရှင်းနဲ့ လွှတ်တော်ပါဝါတို့ အကြားမှ ဆက်နွယ်မှုများအပေါ် မူတည်ပါတယ်။ ပါဝါဆိုရာမှာအစိုးရနဲ့ လုံခြုံရေးအင်စတီကျူးရှင်းများ ရဲ့ လုပ်ဆောင်မှုနှင့် ပြုမူဆောင်ရွက်မှုများအပေါ် ပြည်သူ့ဆန္ဒနှင့်အညီ လွှမ်းမိုးနိုင်တဲ့ လွှတ်တော်ရဲ့ ပါဝါကျင့်သုံးနိုင်စွမ်းကို ဆိုလိုပါတယ်။

လုံခြုံရေးကဏ္ဍအပေါ် လွှတ်တော်မှ ကွပ်ကဲမှုပြုရတဲ့အဓိကအကြောင်းရင်းတွေကတော့ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာပြီး အာဏာရှင်အုပ်ချုပ်မှု မထွန်းကားစေရန်၊ ကိုယ်စားပြုမှုမပါဘဲ အခွန်များကို အသုံးမပြုရ (လုံခြုံရေးအင်စတီကျူးရှင်းများသည် တိုင်းပြည်ဘဏ္ဍာအား အသုံးပြုသည်ဖြစ်ရာ ထိရောက်မှုနှင့် စနစ်တကျ သုံးစွဲမှု ရှိစေရန် လွှတ်တော်မှ စောင့်ကြပ်ကြည့်ရှုရန် လိုအပ်သည်) ဟူသော မူဝါဒကို အကောင်အထည် ဖော်ဆောင်ရန်၊ လုံခြုံရေးရာနှင့် ပတ်သက်၍ ဥပဒေ တိုင်းတာမှု ညွှန်ကိန်းများ ချမှတ်ရန်နှင့် လူထုအသံကို ကိုယ်စားပြုရန် စတဲ့ ရည်ရွယ်ချက်များပဲ ဖြစ်ပါတယ်။

တရားရေးကဏ္ဍရဲ့ လုံခြုံရေးဆိုင်ရာ အဓိကတာဝန်များကတော့ လုံခြုံရေးကဏ္ဍ တာဝန်များဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဥပဒေများကို ကျော်လွန်ဆောင်ရွက်ခြင်း ရှိမရှိ သုံးသပ်ခြင်းနဲ့ လူ့အခွင့်အရေးများကို လုံခြုံရေးဝန်ဆောင်မှု ပေးနေသူများက ချိုးဖောက်ပါက အရေးယူခြင်း စတာတွေ ပါဝင်ပါတယ်။

လူသားလုံခြုံရေးသဘောတရားအရ လုံခြုံရေးဝန်ဆောင်မှုဟာ ပြည်သူ့လုံခြုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေး ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လုံခြုံရေး ဝန်ဆောင်မှုဟာ နိုင်ငံတော် ထမ်းဆောင်ရမယ့် တာဝန်ဖြစ်ပြီး၊ ဒီမိုကရက်တစ်နိုင်ငံတော်ဟာ လွတ်လပ်ပွင့်လင်းပြီး တာဝန်ခံမှုရှိသော လုံခြုံရေး ဝန်ဆောင်မှုကို ပြည်သူလူထုအပေါ် ပေးအပ်ရမှာ ဖြစ်ပါတယ်။ အရပ်ဘက် အဖွဲ့အစည်းရဲ့ လုံခြုံရေးကဏ္ဍကွပ်ကဲမှုဆိုင်ရာ အခန်းကဏ္ဍဟာ ဒီမိုကရေစီ ဖြစ်စဉ်ကို အားကောင်းစေနိုင်တဲ့ လူထုနိုင်ငံရေး ပါဝင်ပတ်သက်မှုလို့ သတ်မှတ်နိုင်ပါတယ်။

**လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ လွှတ်တော်ရဲ့ အခန်းကဏ္ဍများ**

လုံခြုံရေးကဏ္ဍနဲ့ ပတ်သက်ပြီး လွှတ်တော်များမှာ တာဝန်ဝတ္တရားများ ရှိပါတယ်။

(၁) ဥပဒေပြုရေးတာဝန် (Legislative Function) - လွှတ်တော်များဟာ လုံခြုံရေးဝန်ဆောင်မှုပေးသူများရဲ့ လုံခြုံရေးအဖွဲ့အစည်း ထားရှိမှု၊ တာဝန်သတ်မှတ်မှု၊ စုဖွဲ့မှု၊ အင်အား စတာတွေ ပါဝင်တဲ့ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရပါတယ်။ ဥပဒေများကို ခေတ်ကာလနဲ့ အညီ ပြန်လည်ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများ လုပ်ဆောင်ရပါတယ်။

(၂) ဘတ်ဂျက်တာဝန် (Budget Function)- လုံခြုံရေးအဖွဲ့အစည်းများမှ တင်ပြလာသော ဘတ်ဂျက်များအား ဖြတ်တောက်ခြင်း၊ ငြင်းဆိုခြင်း၊ အတည်ပြုခြင်း စတာတွေ လုပ်ဆောင်ရပါတယ်။

(၃) ကွပ်ကဲမှုတာဝန် (Oversight Function)- လုံခြုံရေးကဏ္ဍရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသော ဥပဒေများ၊ မူဝါဒများကို လိုက်နာကျင့်သုံးမှု၊ ဥပဒေဘောင်အတွင်းမှ လုံခြုံရေးပါဝါကျင့်သုံးမှု စတာတွေကို ကြီးကြပ်ကွပ်ကဲရပါတယ်။

(၄) ရွေးချယ်ခန့်ထားမှုတာဝန် (Elective Function)- လုံခြုံရေးကဏ္ဍအကြီးအကဲများအဖြစ် အဆိုတင်သွင်းလာသူများကို အသိအမှတ်ပြုခြင်း၊ ငြင်းဆိုခြင်း စတာတွေ လုပ်ဆောင်ရပါတယ်။

(၅) ကိုယ်စားပြုမှုတာဝန် (Representative Function)- ပြည်သူအများရဲ့ လုံခြုံရေးကို ကိုယ်စားပြုပြီး ဆွေးနွေးပြောဆိုသော ညီလာခံအဖြစ် ပါလီမန်ကို သတ်မှတ်ပြီး၊ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ အဆိုတင်သွင်းခြင်း၊ မေးခွန်းများ မေးမြန်းခြင်း စတာတွေ လုပ်ဆောင်ရပါတယ်။

ဒီလိုတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရေးအတွက် အချို့တိုင်းပြည်များရဲ့ လွှတ်တော်များမှာ

တရားဝင်မှုဆိုင်ရာ အခက်အခဲအတားအဆီးများ၊ နိုင်ငံရေးဆိုင်ရာ အခက်အခဲအတားအဆီးများ၊ အာဏာနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ အခက်အခဲအတားအဆီးများ၊ အင်စတီကျူးရှင်းဆိုင်ရာ အခက်အခဲအတားအဆီးများနှင့် စွမ်းရည်ဆိုင်ရာ အခက်အခဲအတားအဆီးများ ရှိနေတတ်ပါတယ်။ မည်သို့ပင်ဆိုစေ လွှတ်တော်များရဲ့ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ အရပ်ဘက်အုပ်ချုပ်မှုနဲ့ ကွပ်ကဲမှုတာဝန်များ ထမ်းဆောင်နိုင်မှု အခြေအနေက နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီအခြေအနေကို ညွှန်းဆိုပြသပါတယ်။

လွှတ်တော်ကွပ်ကဲမှုအားကောင်းခြင်းအားဖြင့် နိုင်ငံရေးအာဏာနှင့် လုံခြုံရေးပါဝါများရဲ့ ဥပဒေဘောင်တွင်းမှ လုပ်ဆောင်ရသော အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါတယ်။ ပြည်သူလူထုရဲ့ လုံခြုံရေးကဏ္ဍအပေါ် အမြင်သဘောထားများကို ကိုယ်စားပြုနိုင်ပါတယ်။ လုံခြုံရေးအာဏာပိုင်များရဲ့ အာဏာအလွဲသုံးစား ပြုလုပ်မှုများနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများ ပေါ်ပေါက်လာပါကလဲ အရေးယူဆောင်ရွက်နိုင်ပါတယ်။ လုံခြုံရေးဝန်ဆောင်မှု အင်စတီကျူးရှင်းများရဲ့ ဥပဒေကို လေးစားလိုက်နာမှု၊ မူဝါဒများအား သုံးသပ်နိုင်မှု၊ အရင်းအမြစ်သုံးစွဲမှုများ ထိရောက်မှုကို စစ်ဆေးနိုင်မှု၊ လူသားလုံခြုံရေးနှင့် နိုင်ငံတော်လုံခြုံရေး ဦးစားပေးမှုများကို ပုံဖော်နိုင်မှု စတာတွေ လုပ်ဆောင်နိုင်ပါတယ်။

**ကျားမရေးရာနှင့် လုံခြုံရေးကဏ္ဍ လွှတ်တော်ကွပ်ကဲမှု**

လုံခြုံရေးကဏ္ဍအား လွှတ်တော်မှ ကွပ်ကဲမှုအားကောင်းစေရေး ဆောင်ရွက်ရာမှာ ကျားမရေးရာအမြင်များကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ကျားမရေးရာ အမြင်ရှုထောင့်များကို ထည့်သွင်းခြင်းဖြင့်

- အားလုံးပါဝင်သော လိုအပ်ချက်အခြေပြု လုံခြုံရေး ဥပဒေများနှင့် မူဝါဒများ ချမှတ်နိုင်ခြင်း
- ထိရောက်ပြီး ကိုယ်စားပြုမှုရှိသော လုံခြုံရေးကဏ္ဍအင်စတီကျူးရှင်းများ ပေါ်ပေါက်လာခြင်း
- သာတူညီမျှရှိသော ဘတ်ဂျက်ခွဲဝေမှုနှင့် အရင်းအမြစ်များ စီမံခန့်ခွဲမှုယန္တရားများ ဖော်ဆောင်နိုင်ခြင်း
- လွှတ်တော်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကျားမရေးရာ တန်းတူညီမျှမှုရှိခြင်း
- လုံခြုံရေးကဏ္ဍအား လွှတ်တော်မှ ကွပ်ကဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင်

ကျားမရေးရာကို အရေးပေးဆောင်ရွက်နိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်။

လုံခြုံရေးကဏ္ဍအပေါ် လွှတ်တော်မှ ကွပ်ကဲမှုအားကောင်းစေရေး ဆောင်ရွက်ချက်များတွင် ကျားမရေးရာ ကိစ္စများကို ပေါင်းစပ်ထည့်သွင်းရာမှာ လုပ်ငန်းစဉ်များစွာကို အကောင်အထည်ဖော်လေ့ရှိပါတယ်။

**(၁) အားလုံးပါဝင်သော လိုအပ်ချက်အခြေပြု လုံခြုံရေး ဥပဒေနှင့် မူဝါဒများ ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်**

လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များမှ ဦးဆောင်ကာ ပြည်သူလူထုအကြားကြားနာစစ်ဆေးမှုများပြုလုပ်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အမျိုးသမီးအဖွဲ့အစည်းများနှင့်မူဝါဒရေးရာ အကြံပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကျေးလက်မြို့ပြ အမျိုးသမီးအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ကျားမရေးရာ တုန့်ပြန်ဆောင်ရွက်မှုအားကောင်းသော လုံခြုံရေးမူဝါဒများချမှတ်ခြင်း၊ ကျားမအခြေပြု အကြမ်းဖက်မှုများအား ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးကဏ္ဍ အင်စတီကျူးရှင်းများမှာ အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ခြင်း၊ လုံခြုံရေး မူဝါဒများအား ကျားမရေးရာ အကြံပေးများဖြင့် ပြန်လည်သုံးသပ်ခြင်း၊ လုံခြုံရေးမူဝါဒများရဲ့ ကျားမရေးရာ သက်ရောက်မှု ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား ကျားမရေးရာ သင်တန်းများပေးခြင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေး ကော်မတီများတွင် ကျားမရေးရာ တန်းတူညီမျှမှုရှိစွာ ပါဝင်ခြင်း စတာတွေကို လုပ်ဆောင်လေ့ရှိကြပါတယ်။

**(၂) လုံခြုံရေးကဏ္ဍအင်စတီကျူးရှင်းများ၏ ကိုယ်စားပြုမှုနှင့် ထိရောက်မှုကို တည်ဆောက်ခြင်း လုပ်ငန်းစဉ်**

လုံခြုံရေးအင်စတီကျူးရှင်းများအား ကိုယ်စားပြုမှုနှင့် ကျားမရေးရာ စွမ်းရည် အားကောင်းသော အင်စတီကျူးရှင်းများအဖြစ် တည်ဆောက်ရေး၊ အော်ပရေးရှင်း ထိရောက်မှုနှင့် စွမ်းရည်ပြည့်မှုကို ဆောင်ရွက်ရေး၊ လုံခြုံရေးအင်စတီကျူးရှင်းများတွင် အမျိုးသမီးများ ပါဝင်ရေး၊ လုံခြုံရေး အင်စတီကျူးရှင်းများအား ကျားမရေးရာ သင်တန်းများပေးရေး၊ လုံခြုံရေးအင်စတီကျူးရှင်းများရှိ အမျိုးသမီးများရဲ့ ရာထူးတိုးတက်မှု၊ ရေရှည် တာဝန်ထမ်းဆောင်နိုင်မှု အခြေအနေများကို မြှင့်တင်ရေး၊ အမျိုးသမီးများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် ယန္တရားများအား လေ့လာ စောင့်ကြည့်ရေး စတာတွေကို လုပ်ဆောင်လေ့ရှိပါတယ်။

**(၃) ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများအား အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်**

ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများအား တားဆီးနိုင်ရေးနှင့် အရေးယူနိုင်ရေးအတွက် ထိရောက်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ကျားမရေးရာ အကြမ်းဖက်မှုများအား လုံခြုံရေး ဝန်ထမ်းများမှ ကျူးလွန်ခြင်း ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ ကျူးလွန်ခြင်း မရှိစေရန် ကာကွယ်တားဆီးနိုင်သော လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ဝတ်များ ချမှတ်ခြင်း၊ လုံခြုံရေး အင်စတီကျူးရှင်းများအတွင်း ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများ မပေါ်ပေါက်စေရန် ကာကွယ်တားဆီးခြင်း နှင့် အရေးယူဆောင်ရွက်ခြင်း စတာတွေ ပါဝင်ပါတယ်။

**(၄) ဘတ်ဂျက်ခွဲဝေသုံးစွဲမှုနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းစဉ်**

လုံခြုံရေးဘတ်ဂျက်များ ခွဲဝေသုံးစွဲမှုများအပေါ် gender audit ပြုလုပ်ခြင်း၊ ဘတ်ဂျက်များလျာထားရာမှာ ကျားမရေးရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်း၊ ကာကွယ်ရေးကဏ္ဍ ပစ္စည်းဝယ်ယူရေး ဘတ်ဂျက်များတွင် အမျိုးသမီးများအတွက် လိုအပ်သော ယူနီဖောင်းနှင့် အသုံးအဆောင်များပါရှိရေး၊ အမျိုးသမီးများရဲ့ ကျန်းမာရေးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားမှုရှိရေး

**မူဝါဒရေးရာ အကြံပြုချက်များ**

၁။ စီဒေါစာချုပ်အပါအဝင် နိုင်ငံတကာစာချုပ်စာတမ်းများကို လုံခြုံရေးကဏ္ဍမှ လေးစားလိုက်နာမှုရှိစေရန် ဆောင်ရွက်ရန်

၂။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုများပြားလာစေရန် ဆောင်ရွက်ရေး၊ အမျိုးသမီး ကိုယ်စားလှယ်များရဲ့ လုံခြုံရေးနှင့် ကာကွယ်ရေး စွမ်းရည်များ မြှင့်တင်ရန်

၃။ လွှတ်တော်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီများ ဖွဲ့စည်းထားရှိပြီး၊ အမျိုးသမီးများအား ကော်မတီများတွင် ပါဝင်ခွင့်ရှိရေး

၄။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကျားမရေးရာ စွမ်းရည်မြှင့်မားစေရန်

၅။ ပြည်သူ့ကြားနာပွဲများ၊ ကွင်းဆင်းမှုများဖြင့် အများပြည်သူ၏ လုံခြုံရေးအခြေအနေများကို လေ့လာမှတ်တမ်းတင်ရန်။ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် အမျိုးသမီးအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များအကြား လုံခြုံရေးဒိုင်ယာလော့ခ်များ ပြုလုပ်ရန်

၆။ ကျားမရေးရာ လွှတ်တော် caucus များ ဖွဲ့စည်းထားရှိခြင်း

၇။ ကျားမရေးရာ ဘတ်ဂျက်ချမှတ်ခြင်း လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်ရန်နှင့် လုံခြုံရေး မူဝါဒများရဲ့ ကျားမရေးရာ သက်ရောက်မှုများကို ဆန်းစစ်ရန်

၈။ လုံခြုံရေးအင်စတီကျူးရှင်းများတွင် gender audit ပြုလုပ်ရန်

၉။ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အမျိုးသမီးများ ပါဝင်မှုပိုမိုများပြားလာစေရေး ဆောင်ရွက်ရန်

၁၀။ အမှန်တရားဖော်ထုတ်ရေးကော်မရှင်များ၊ ပြန်လည်ထူထောင်ရေး ယန္တရားများတွင် အမျိုးသမီးများ ပါဝင်လာရေးနှင့် ကျားမရေးရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရေး ဆောင်ရွက်ရန်

၁၁။ လုံခြုံရေး ဥပဒေများအား ကျားမရေးရာ ရှုထောင့်မှ ပြန်လည်သုံးသပ်ရန်

...............................................

# ဆောင်းပါး

## နိုင်ငံတကာလုံခြုံရေးနှင့် စည်းမျဉ်းကျင့်ထုံးများ

*ရဲခင်*

*(ကာကွယ်ရေးကဏ္ဍမှာ နိုင်ငံတကာ လုံခြုံရေး အယူအဆနဲ့ စည်းမျဉ်းကျင့်ထုံးတွေအကြောင်းကို အကြမ်းဖျင်း သိမှတ်ထားဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ ဒါကြောင့် ဒီအကြောင်း မိတ်ဆက်တင်ပြသွားပါ့မယ်။ ဒီလိုတင်ပြရာမှာ new world order လိုမျိုး စကားလုံးမျိုးတွေကို မကြာခဏတွေ့ရမှာဖြစ်ပေမဲ့ စာဖတ်ရင်းနဲ့ တဖြည်းဖြည်းချင်း ဒီစကားလုံးရဲ့ အကောက်အယူ သဘောကို တီးခေါက်သွားမှာပါ။ သီးခြား အနက်ပြန် ဖွင့်ဆိုတာတော့ မလုပ်တော့ပါဘူး။)*

'အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ' ဆိုတာက ၂၁ ရာစုထဲ နိုင်ငံတကာ လုံခြုံရေးအတွက် အဓိက စိုးရိမ်ဖွယ်ရာတစ်ခု ဖြစ်လာပါတယ်။ အမေရိကန် ပြည်ထောင်စုရဲ့ တွန်းအားပေးမှုတွေကြောင့် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတွေကနေ ထောက်လှမ်းရေးနဲ့ စုပေါင်းလုံခြုံမှုအတွက် အဖွဲ့အစည်းတည်ဆောက်ပုံတွေအထိ ဆန့်ထွက်ကျယ်ပြန့်လာပါတယ်။ ၂၀၀၁ စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရမှုဖြစ်ရပ်ကနေ မဟာဗျူဟာအသစ်တွေနဲ့ နည်းဗျူဟာအသစ်တွေကို ပိုမိုဖြစ်ထွန်းစေခဲ့ပြီး အဲ့အရာတွေကို ဥပဒေနဲ့ နိုင်ငံရေးဆိုင်ရာ ပုံပန်းသဏ္ဍာန်တွေဖြစ်လာအောင် အသုံးပြုခဲ့ကြတယ်။ ယတိပြတ် ပြတ်ပြတ်သားသား မြေလှန်ရှုမြင်ဖို့လိုအပ်တဲ့ နိုင်ငံတကာ အစီအစဉ်အတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေ အသုံးပြု လာတာမျိုးပါ။ အရင် ကာလရှည်ကြာ အသုံးပြုခဲ့ကြတဲ့ စနစ်တွေ၊ စည်းမျဉ်းတွေကို မြေလှန်ပစ်ခဲ့တယ်။

အမေရိကန် သမ္မတဘုရှ် အစိုးရလက်ထက်တုန်းက ၂၀၀၂ ခုနှစ် အမျိုးသား လုံခြုံရေး မဟာဗျူဟာ ထုတ်ပြန်ချက်ထဲမှာ ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့တာတစ်ခုရှိတယ်။ နိုင်ငံတကာ လုံခြုံရေးစနစ်ရဲ့ စည်းမျဉ်းတွေဟာ အကြမ်းဖက်ဝါဒရဲ့ အန္တရာယ်တွေပေါ် မူတည်ပြီး ပြောင်းလဲပြုပြင်ဖို့ လိုအပ်လာပြီး ဆိုခဲ့တယ်။ အမေရိကန် ပြည်ထောင်စုက ကာလရှည်ကြာ ကျင့်သုံးလာခဲ့ကြတဲ့ စစ်ရေးနည်းလမ်း အသုံးပြုမှု စည်းမျဉ်းဟောင်းတွေကို တိုက်ရိုက်စိန်ခေါ်ခဲ့တယ်။ အဓိကဗျူဟာ ပြောင်းလဲလာတာက အရင်တုန်းကဆို ဖြစ်လာအံ့ဆဲဆဲ အကြမ်းဖက်မှုဆိုတာတွေကို လုံခြုံရေးတပ်ဖွဲ့တွေကို အသုံးပြုပြီး ကြိုတင်ရှင်းလင်းတာကနေ မဖြစ်အောင် ကြိုတင်ကာကွယ်မှုပြုတဲ့ဘက်ဆီ ယတိပြတ် ရွေ့လာတာဖြစ်တယ်။ ကြိုတင်ရှင်းလင်းတိုင်း အောင်မြင်မယ်ဆို ၉/၁၁ တိုက်ခိုက်မှုတောင် ဖြစ်လာစရာမဟုတ်ပါဘူး။ ဒါမို့ prevention ဆိုတဲ့ ကြိုတင်ကာကွယ်မှုဆီ အယူအဆပိုင်းအရ ရွေ့လာတာပါ။

မြိမ်းခြောက်မှုအသစ်တွေ၊ စည်းမျဉ်းအသစ်တွေနဲ့ ပတ်သက်ပြီး အယူအဆတွေပေါ် အခြေခံရင်း

ဘုရှ်အစိုးရလက်ထက်မှာ အမေရိကန်စစ်တပ်ဟာ ၂၀၀၃ ခုနှစ် နွေဦးကာလမတ်လမှာ အီရတ်ကို ဝင်တိုက်ခဲ့တယ်။ ဖျက်အားပြင်း လက်နက်တွေ ရယူပိုင်ဆိုင်လာဖွယ်ရှိတဲ့ အကြမ်းဖက်သမားတွေရဲ့ အန္တရာယ်ပေးနိုင်မှုကနေ အမေရိကန် ပြည်ထောင်စုကို ကာကွယ်ဖို့ ကြိုးစားတာဆိုပြီး အကြောင်းပြချက် ပေးခဲ့တယ်။ ကမ္ဘာ့အစီအစဥ်သစ်(new world order) ရဲ့ ရှေ့မတိုး နောက်မဆုတ်သာ အကြပ်အတည်းလို့လည်း ဆိုနိုင်တယ်။ တစ်ချိန်တည်းမှာပဲ ကုလသမဂ္ဂရဲ့ အရေးယူ ဆုံးဖြတ်ချက်တွေကို လိုက်နာတာ ဖြစ်တယ်လို့လည်း အမေရိကန်နဲ့ မဟာမိတ်ကြီး ယူကေတို့က ဆင်ခြေပေးခဲ့ပါတယ်။ ၁၉၉၀ ဝန်းကျင် ကတည်းကစပြီး လုံခြုံရေးကောင်စီက အရေးယူဆုံးဖြတ်ချက်တွေ ဘယ်လိုပဲ ချမှတ်ပါစေ၊ ဆဒမ်ဟူစိန်လက်အောက်က အီရတ်နိုင်ငံဟာ ဂရုမစိုက်ဘဲ ချိုးဖောက်ခဲ့တာချည်းပါပဲ။ အထူးသဖြင့် စိုးရိမ်ပူပန်စရာကတော့ လူအများ သေကြေပျက်စီးစေနိုင်တဲ့ ဖျက်အားပြင်း လက်နက်တွေကို အာဏာရှင် ဆဒမ်ဟူစိန်က ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားလာတာပဲဖြစ်တယ်။ မဟာမိတ် နှစ်နိုင်ငံစလုံး ထောက်ပြဖြေရှင်းချက် ပေးခဲ့တာကတော့ လုံခြုံရေး ကောင်စီရဲ့ အရေးယူဆုံးဖြတ်ချက်တွေကို အီရတ်နိုင်ငံ လေးစားလိုက်နာလာစေဖို့အတွက် နိုင်ငံတကာ အသိုင်းအဝန်းက စစ်ရေးအရအရေးယူမှု မပြုလုပ်ဘူးဆိုရင် ကုလသမဂ္ဂဆိုတာ အခြေခံကစပြီး အားအင်ချိန့် လူမလေးစားစရာ ဖြစ်လာလိမ့်မယ်လို့ ဆိုခဲ့တယ်။ ၂၀၀၂ စက်တင်ဘာ ၁၂ ရက်နေ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ သမ္မတဂျော့ချ်ဘုရှ် မိန့်ခွန်းပြောတော့ အဲ့သဘောထားအတိုင်း ထည့်သွင်းပြောဆိုခဲ့တယ်။

အာဖဂန်၊ အီရတ်စစ်ပွဲတွေနဲ့အတူတွဲပြီး ဖမ်းဆီးထိန်းသိမ်းမှု၊ စစ်ကြောမေးမြန်းမှုနဲ့ ဆက်စပ်တဲ့မူဝါဒတွေကိုလည်း သုံးသပ်ပြင်ဆင်ခဲ့တယ်။ စံနှုန်းတွေနဲ့အညီချမှတ်ထားတဲ့ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့ တချို့ကျင့်ထုံးတွေကို ဆန့်ကျင်ဘက်ပုံစံ ပြုပြင်ပြောင်းလဲ ကျင့်သုံးခဲ့တယ်။ ကျူးဘားက ဂွာတာနာမို အကျဥ်းစခန်းဆို အတော်လေးကို ဟိုးလေးတကျော်ကျော် ဖြစ်ရတဲ့ထိပါပဲ။ ဖမ်းဆီးထိန်းသိမ်းထားတဲ့ အကြမ်းဖက်သမားဆိုတွေကို အဆိုပါ အကျဥ်းစခန်းထဲမှာ စစ်ကြောမေးမြန်းပုံ၊ ထိန်းသိမ်းပုံတွေဟာ နာမည်ဆိုးထွက်ခဲ့တယ်။ နိုင်ငံတကာ ဥပဒေနဲ့ အမေရိကန် ပြည်ထောင်စုရဲ့ တည်ဆဲဥပဒေအရ စောဒကတက်မှုတွေ ရှိပေမဲ့ ခပ်ကြမ်းကြမ်း ကိုင်တွယ်စစ်ဆေးမေးမြန်းတာတွေကို အမေရိကန် ဥပဒေသမားတွေက 'အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ' မူဝါဒအရ လိုအပ်သလို တရားစွဲဆို စစ်ဆေးတာသာဖြစ်တယ်လို့ ထုချေသက်သေပြု ခဲ့ကြတယ်။ အမေရိကန်စစ်တပ်နဲ့ စီအိုင်အေရဲ့ ပြုကျင့်လုပ်ဆောင်သမျှဟာ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ရည်ရွယ်လုပ်ဆောင်တာမို့ တရားဥပဒေနဲ့ ညီညွတ်တယ်၊ လျော်ကန်သင့်မြတ်တယ်လို့ ဆိုတာမျိုးပါပဲ။

အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကနေ ပေါ်ပေါက်လာတဲ့ ဒီလိုဥပမာဖြစ်ရပ်တွေကနေပြီး ထောက်ပြနေတာကတော့ နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ အစီအစဥ်ရဲ့ စည်းမျဥ်းတွေဟာ ပြောင်းလဲနေပြီဆိုတဲ့ အခြေအနေတစ်ရပ်မှာ ရှိနေတယ် ဆိုတာပဲဖြစ်တယ်။ ဆိုလိုတာက အရင်နှစ်လရှည်ကြာ ကျင့်သုံးခဲ့ကြတဲ့ စည်းမျဥ်းတွေနဲ့ လက်ရှိအနေအထားနဲ့ သိပ်ကိုက်ညီမှုမရှိတော့တဲ့ သဘောပါ။ အင်အားကြီး နိုင်ငံတွေရော၊ အစွန်းရောက် ဆန့်ကျင်ဘက် အုပ်စုတွေကပါ ပဋိပက္ခ ဖြစ်ပွားမှုတွေနဲ့ စစ်ရေးအရ အရေးယူဆောင်ရွက်မှု

ကျင့်ထုံးနည်းလမ်းတွေကို ကိုင်တွယ်စီမံရာမှာ အသုံးပြုတဲ့ စည်းမျဥ်းတွေကို စိန်ခေါ်မေးခွန်းထုတ်လာပါတယ်။ နိုင်ငံတကာ လုံခြုံရေးအပေါ် အမြင်ရှုထောင့်ပုံစံ ပြောင်းလဲလာမှုကြောင့် နဂိုမူလ အစဥ်အလာ စည်းမျဥ်းတွေအတိုင်း ဆက်လက်ထိန်းသိမ်းလုပ်ဆောင်ဖို့ကို ဥပဒေပညာရှင်တွေနဲ့ အစိုးရဝန်ထမ်း အစုအဖွဲ့တွေက ကြိုးစားကြတယ်။ တစ်ဘက်မှာကျ ဘာသာရေးနဲ့ နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုတွေကနေတစ်ဆင့် မတူကွဲပြားတဲ့ အသံတွေက သူတို့ရဲ့ကိုယ်ပိုင် စံနှုန်းစည်းမျဥ်းတွေအပေါ် အခြေခံထားတဲ့ အစီအစဥ်အသစ်အရ နိုင်ငံတကာ ဥပဒေစနစ်ကြီးတစ်ရပ်လုံးကို အပြီးအပြတ် ဖျက်သိမ်းပစ်ဖို့အထိ တောင်းဆိုလာတယ်။ အဲလိုပြောင်းလဲဖို့အတွက် အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့အထိပါ ဆော်ဩလာပါတယ်။

နိုင်ငံတကာ လုံခြုံရေးရှုထောင့်အမြင်က ဒီ ၂၁ ရာစုမှာ အပြောင်းအလဲ ဖြစ်ပေါ်တိုးတက်မှု အများကြီးဖြစ်လာပါတယ်။ အကြမ်းဖက်သမားဆိုသူတွေကို ဖမ်းဆီးစစ်ကြောမေးမြန်းတဲ့အခါ ညှင်းပန်းနှိပ်စက်မှုတွေ တွဲပါလာတတ်တာမို့ စစ်ကြောမေးမြန်းသူတွေ လိုက်နာကျင့်သုံးရမယ့် ‘ကျင့်ဝတ်လက်စွဲ’တွေကို ပြန်သုံးသပ်ဖြည့်စွက် ပြင်ဆင်လာရတယ်။ စစ်ကြောရေးဆိုတာနဲ့ အတော်များများအမြင်မှာ ညှင်းပန်းနှိပ်စက်မှုတစ်မျိုးလို့ မြင်ထားကြတာကလည်း မမှားပြန်ပါဘူး။ ဒါပေမဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံတကာ ဥပဒေ၊ နိုင်ငံအလိုက် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆိုင်ရာရာဇသတ်ကြီး ဥပဒေတွေအရ လုံးဝခွင့်ပြုမထားပါဘူး။ နောက်တစ်ချက်ကတော့ အကြမ်းဖက်သမားတွေနဲ့ ဖိနှိပ်ရက်စက်တဲ့ အုပ်ချုပ်ရေးမျိုးတွေကို နိုင်ငံတစ်ခု ဒါမှမဟုတ် အုပ်စုအဖွဲ့အစည်းတစ်ခုခုကနေ အရေးယူမလား၊ ဒါမှမဟုတ် စုပေါင်းအရေးယူမလား ဆိုတဲ့ကိစ္စ ဖြစ်တယ်။ အခုဆို မြန်မာ့စစ်ကောင်စီကို နိုင်ငံအလိုက် ပိတ်ဆို့အရေးယူတာတွေရှိသလို ကုလသမဂ္ဂလို နိုင်ငံစုံပါတဲ့ အဖွဲ့အစည်းကြီးကနေ ဦးဆောင်ပြီး စုပေါင်းအင်အားနဲ့ အရေးယူဖို့လုပ်မျိုးကို ဆိုလိုတယ်။ စစ်လက်နက် နည်းပညာတွေကို ဘယ်လိုထိန်းသိမ်း ကြပ်မတ်မလဲဆိုတဲ့ သဘောတူစည်းမျဥ်းတွေကလည်း တစ်ခုဖြစ်တယ်။ နောက်ဆုံးတစ်ခုကတော့ နိုင်ငံတကာ စစ်ရာဇဝတ်မှုတွေပါပဲ။ ဘယ်အနေထားဆို နိုင်ငံတကာ စစ်ရာဇဝတ်မှုဆိုတဲ့ဘောင်ထဲ ထည့်သွင်းပြီး ကျူးလွန်တဲ့ အုပ်စု ဒါမှမဟုတ် နိုင်ငံကို အရေးယူမလဲဆိုတာတွေပါ။

ဒီအကြောင်းအရာတွေကို နောက်ပိုင်းကျရင် ဆက်လက်အကျယ်တဝင့် ရှင်းလင်းသွားပါ့မယ်။ ခုလို တော်လှန်ရေးကာလ အတောအတွင်းမှာတော့ ဒီစာစဥ်ကနေတစ်ဆင့် ဖြစ်နေပေမဲ့ မကြာခင် တော်လှန်ရေး အောင်မြင်ပြီးတဲ့နောက်ပိုင်းကျ တခြားအလျင်းသင့်တဲ့ မီဒီယာတစ်ခုခုကနေ ဆက်လက်ရေးသား တင်ပြသွားမှာပါ။

.............................................

# ကာကွယ်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားညီညွတ်ရေးအစိုးရ**
**ကာကွယ်ရေးဝန်ကြီးဌာန**
**မှ**
**ထုတ်ဝေသည်။**